# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်နေ့ | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၈၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် မန္တလေးဖုန်(ခ)အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

### ကြည့်ရှုအားပေး

အဆိုပါ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော် အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့်နည်းပြများ၊ အားကစားသမားများ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစား ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည်

*စာမျက်နှာ ၄ ကော်လံ ၁* ◆

(ယနေ့) *ဖတ်စရာ*

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading) တွင် လွတ်လပ်စွာရောင်းဝယ်နိုင်ကြောင်း ထုတ်ပြန်ထားပြီးနောက် အမေရိကန်ဒေါ်လာဈေး တည်ငြိမ်နေ**

ပြည်တွင်းသတင်း စာ ၂

**ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နောက်ဆက်တွဲစာချုပ် လက်မှတ်ရေးထိုး**

ပြည်တွင်းသတင်း စာ ၁၁

**ဆယ်စုနှစ် ခုနစ်စုအလွန် နှစ်ပေါင်း ၇၀ ကျော်ကြာပြီးနောက်**

ဆောင်းပါး စာ ၁၆

# သတိနှင့် ဉာဏ်ပညာ ဆင်ခြင်တုံတရား ရှေ့မှာထား

သတင်းဟုဆိုသည်နှင့် မှန်ကန်တိကျရမည်၊ ဘက်မလိုက်ဘဲ မျှတရမည်ဟူသည့် အခြေခံကျင့်ဝတ်တို့ကို မီဒီယာအဖွဲ့အစည်းတိုင်းက အနိမ့်ဆုံးအားဖြင့် စောင့်ထိန်းကြရသည်။ အကယ်၍ မှန်ကန်မှုမရှိ၊ လွဲမှားနေသော အချက်အလက်များကို ဖော်ပြ၊ ထုတ်လွှင့်မိပါကလည်း အနီးဆုံးအချိန်တွင် ပြန်လည်ပြင်ဆင်ထုတ်ပြန်ပေးကြရသည်။ သတင်းဆိုသည်မှာ မီဒီယာတို့က ထုတ်ပြန်လိုက်ပြီးသည်နှင့် လူထုအတွင်း ပျံ့နှံ့ရိုက်ခတ်မှုတို့ ဖြစ်ပေါ်စမြဲဖြစ်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော မီဒီယာတိုင်းက မိမိတို့သတင်းကြောင့် လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကို မဆောင်ကြဉ်းနိုင်သည့်တိုင် လူ့အဖွဲ့အစည်းထိခိုက်မှုမရှိစေရန်၊ ပျက်စီးရာပျက်စီးကြောင်းမဖြစ်စေရန် သတိကြီးစွာဖြင့် ဆောင်ရွက်ကြရမြဲဖြစ်သည်။

ခရစ်နှစ် ၂၀၀၀ ပြည့်လွန် ဆယ်စုနှစ်များအတွင်း မိမိတို့နိုင်ငံတွင် အင်တာနက်လူမှုကွန်ရက်သုံးစွဲမှုများ အလျင်အမြန် တိုးတက်လာခဲ့ရာ ပင်မမီဒီယာကြီးများဖြစ်သည့် သတင်းစာ၊ ဂျာနယ်များ၊ ရုပ်မြင်သံကြားလိုင်းများ ကြည့်ရှုမှု ကျဆင်းသွားသည်။ ပြည်သူအများစု၏ သတင်းရယူကြည့်ရှုမှုမှာ အင်တာနက်လူမှုကွန်ရက်များကို ပိုမိုမှီခိုလာခဲ့သလို ပြည်သူလူထုအတွင်း media literacy, news literacy ခေါ် သတင်းအတုအယောင်၊ အမှန်အမှား ခွဲခြားသိနိုင်စွမ်းလည်း မြင့်မားရန်လိုအပ်လာသည်။ သတင်းတုဆိုသည်မှာ လုံးဝဖြစ်ပေါ်ခဲ့ခြင်းမရှိသောဖြစ်စဉ်ကို ဖြစ်ခဲ့သယောင် လုပ်ကြံဖန်တီးဖော်ပြသည့် သတင်းဖြစ်ပြီး သတင်းအမှားကမူ သတင်းဖြစ်စဉ်အားဖြင့် ဖြစ်ပေါ်ခဲ့သော်လည်း ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းအချက်အလက်အလွဲအမှားများ ထည့်သွင်းဖော်ပြထားသည့် သတင်းများဖြစ်သည်။ ကျင့်ဝတ်စောင့်ထိန်းသည့် သတင်းမီဒီယာများက သတင်းတစ်ပုဒ်ကို သဘောရိုးဖြင့် မှားမိလျှင်ပင် အမှားပြင်ဆင်ချက်ကို ထင်ထင်ရှားရှားဖော်ပြ၍ ပရိသတ်ကို တောင်းပန်ကာ သိက္ခာရှိရှိ ရပ်တည်ကြသော်လည်း မီဒီယာအတုအယောင်များ၊ ကျင့်ဝတ်ပျက်နေသည့် မီဒီယာများက သတင်းတု၊ သတင်းမှားများကို တိုင်းပြည်ပျက်စီးစေရန်အကြံဖြင့် ထုတ်လွှင့်ဖော်ပြနေကြသည်ကို တွေ့ရှိရသည်။

Khit Thit ၊ Mizzima ၊ DVB ၊ RFA ၊ Ayeyarwaddy Times နှင့် မြေလတ်အသံတို့က ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း facebook မှတစ်ဆင့် သတင်းစုစုပေါင်း ၆၂၃ ပုဒ် ဖော်ပြခဲ့ရာ သတင်းအတု၊ သတင်းအမှား ၅၈၂ ပုဒ် ပါဝင်ခဲ့သည်။ ၎င်းတို့ဖော်ပြခဲ့ကြသည့် သတင်းများ၏ ရာခိုင်နှုန်း ၉၀ ကျော်သည် မဟုတ်၊ မမှန်။ သတင်းအပုဒ် ၆၀၀ ကျော်တွင် သတင်းအတု ၂၀၀ နီးနီးနှင့် သတင်းအမှား ၄၀၀ ခန့် ပါဝင်နေသည်။ တိတိကျကျဆိုရလျှင် သတင်းစုစုပေါင်း ၆၂၃ ပုဒ်တွင် ၄၁ ပုဒ်ကိုသာ သတင်းအမှန်ဟု လက်ခံ၍ရသည်။ သတင်းတု၊ သတင်းမှားများ ဖော်ပြခြင်း၏ ရည်ရွယ်ချက်သည် တော်လှန်ရေးအမည်ခံ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်၊ လိမ်ညာဝါဒဖြန့်ချိမှုများပြုလုပ်၍ အကြမ်းဖက်အဖွဲ့များကို အရောင်တင်ပေးရန်၊ အခြေအမြစ်မရှိသော သတင်းတု သတင်းမှားများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အပုပ်ချရန်၊ အများပြည်သူ အထင်အမြင်လွဲမှား မုန်းတီးစေရန်ဖြစ်သည်။

နိုင်ငံအတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်တိုက်ခိုက်မှုများမှာ နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာမဟုတ်။ သေကျေပျက်စီးဆုံးရှုံးသမျှ မည်သည့်ဘက်ကဖြစ်စေ မိမိတို့သွေးသား၊ မိမိတို့နိုင်ငံသား၊ မိမိတို့ပိုင်ဆိုင်မှုများသာဖြစ်သည့်အလျောက် လိုအပ်မှသာ လိုအပ်သလောက် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် သတင်းများ ထုတ်ပြန်ပေးလျက်ရှိသည်။ သတင်းအတု၊ သတင်းအမှားများသည် သတင်းစားသုံးသူပြည်သူကို လွဲမှားစွာနားလည်စေပြီး လွဲမှားစွာ ဆုံးဖြတ်စေသည့်အလျောက် အန္တရာယ်လည်း ကျရောက်စေသည်။ သတင်းတု၊ သတင်းမှားဖြင့် ပြည်သူကို သတင်းအဆိပ်သင့်စေခြင်းပင်ဖြစ်ရာ လူမှုကွန်ရက်တွင် တွေ့သမျှ၊ မြင်သမျှ၊ ကြားသမျှ သတင်းတို့ကို အတုအယောင်၊ အမှားအမှန်၊ ဖြစ်နိုင်မဖြစ်နိုင် စသည်တို့ကို သတိကြီးစွာထား၍ ဉာဏ်ပညာဆင်ခြင်တုံတရားဖြင့် ခွဲခြားစိစစ်နိုင်ကြပါစေကြောင်း။ ။

## (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ခင်သီကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၆

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ မိုး/ဇလ

## မကွေးတိုင်းဒေသကြီး သင်ကြားရေးဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ရေနံချောင်းမြို့နယ်အတွင်းရှိ အထွေထွေရောဂါဝေဒနာခံစားနေရသော လူနာများအား အခမဲ့လာရောက်ဆေးကုသပေးမည်

ရေနံချောင်း ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး သင်ကြားရေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ ဦးဆောင်သောအဖွဲ့က ရေနံချောင်းမြို့နယ်အတွင်းရှိ အထွေထွေရောဂါဝေဒနာခံစားနေရသော လူနာများအား ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အခမဲ့လာရောက်ဆေးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၉ အုပ်စုရှိ ရောဂါဝေဒနာခံစားနေရသော ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသပေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းများ ကြိုတင်စီမံဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်လင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ တက်ရောက်ကြပြီး လူနာစာရင်းများ ကြိုတင်ကောက်ယူရေး၊ လာရောက်ဆေးကုသမှုခံယူမည့် လူနာများအတွက် ယာယီနားနေဆောင်များ ပြင်ဆင်ထားရှိရေးနှင့် လိုအပ်သောလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ထားရှိနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကာ ဝိုင်းဝန်းပေါင်းစပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading) တွင် လွတ်လပ်စွာရောင်းဝယ်နိုင်ကြောင်း ထုတ်ပြန်ထားပြီးနောက် အမေရိကန်ဒေါ်လာဈေး တည်ငြိမ်နေ

ရန်ကုန် ဒီဇင်ဘာ ၂၆

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း (AD) လိုင်စင်ရဘဏ်များအနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်ရာ၌ လွတ်လပ်စွာရောင်းဝယ်နိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဒီဇင်ဘာ ၅ ရက်တွင် ကြေညာပြီးနောက် ဈေးကွက်ပေါက်ဈေးအတိုင်း လွတ်လပ်စွာ အရောင်းအဝယ်ပြုလုပ်လာကြသဖြင့် အမေရိကန်ဒေါ်လာဈေး တဖြည်းဖြည်းတည်ငြိမ်လာကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

AD လိုင်စင်ရဘဏ်များအနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading) တွင် အရောင်းအဝယ်ပြုလုပ်ရာ၌ ငွေလဲလှယ်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ပေးမည်မဟုတ်ဘဲ ဈေးကွက်အတွင်း နိုင်ငံခြားငွေရောင်းချလိုသူနှင့် ဝယ်ယူလိုသူတို့မှ တင်သွင်းသော ငွေလဲလှယ်နှုန်းအပေါ်မူတည်၍ Market rate အတိုင်း လွတ်လပ်စွာဆောင်ရွက်နိုင်ကြောင်း အသိပေးခဲ့ခြင်းဖြစ်သည်။

AD လိုင်စင်ရဘဏ်များအနေဖြင့် နိုင်ငံခြားငွေကို ဈေးကွက်ပေါက်ဈေးအတိုင်း လွတ်လပ်စွာရောင်းချကြရာ ပြီးခဲ့သည့် ဒီဇင်ဘာ ၆ ရက်မှစ၍ တစ်ဒေါ်လာလျှင် ၃၅၀၀ ကျော်တွင် တည်ငြိမ်နေခြင်းဖြစ်သည်။

ဒီဇင်ဘာ ၆ ရက်တွင် ငွေလဲနှုန်းထားမှာ တစ်ဒေါ်လာလျှင် ကျပ် ၃၅၅၀၊ ဒီဇင်ဘာ ၇ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၅၀၊ ဒီဇင်ဘာ ၈ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၆၀၊ ဒီဇင်ဘာ ၉ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၅၀၊ ဒီဇင်ဘာ ၁၀ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၅၀၊ ဒီဇင်ဘာ ၁၁ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၆၀ ရှိခဲ့သည်။

အလားတူ ဒီဇင်ဘာ ၁၂ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၄၀၊ ဒီဇင်ဘာ ၁၃ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၄၀၊ ဒီဇင်ဘာ ၁၄ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၄၀၊ ဒီဇင်ဘာ ၁၅ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၄၀၊ ဒီဇင်ဘာ ၁၆ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၃၀၊ ဒီဇင်ဘာ ၁၇ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၂၅၊ ဒီဇင်ဘာ ၁၈ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၂၅ ရှိခဲ့ကြောင်း သိရသည်။

ယင်းအပြင် ဒီဇင်ဘာ ၁၉ ရက်တွင် ငွေလဲနှုန်းထားမှာ တစ်ဒေါ်လာလျှင် ကျပ် ၃၅၂၀ အထိ တဖြည်းဖြည်းကျဆင်းလာပြီး ဒီဇင်ဘာ ၂၀ ရက်တွင် ငွေလဲနှုန်းထားတစ်ဒေါ်လာလျှင် ကျပ် ၃၅၀၀၊ ဒီဇင်ဘာ ၂၁ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၀၀၊ ဒီဇင်ဘာ ၂၂ ရက်တွင် ငွေလဲနှုန်းထား တစ်ဒေါ်လာလျှင် ကျပ် ၃၅၁၀၊ ဒီဇင်ဘာ ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၁၀၊ ဒီဇင်ဘာ ၂၄ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၁၀၊ ဒီဇင်ဘာ ၂၅ ရက်တွင် တစ်ဒေါ်လာလျှင် ကျပ် ၃၅၁၀ ရှိခဲ့ကြောင်း သိရသည်။

MT

# (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်ကြီးများ၊ ကြီးကြပ်ရေးဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်ကြီးများ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

**ပရိတ်တရားတော်များကို နာယူ**

အခမ်းအနားတွင် ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသုဓမ္မာ စာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့နယ် မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်တို့အား ဆွမ်းစသော အာမိသာနုဂ္ဂဟဖြင့် လှူဒါန်းထောက်ပံ့ကြသည့် နိုင်ငံတော်အစိုးရ အမှူးပြုသော ဒါယကာ ဒါယိကာမ အပေါင်းတို့သည်လည်း သာသနံ ပုညဝန္တဿ ပုညဝန္တဝ လဗ္ဘရေ ဟူသော ဩဝါဒ ဒေသနာတော်အရ ရှေးကပြုဖန်ဘုန်းကံကြီးမားကြသူများဖြစ်ကြပြီး ထိုဘုန်းကံကြီးမားကြသော ရဟန်းရှင်လူတို့သည် ဖြူစင်သည့် စိတ်ဓါတ်ဖြင့် အချင်းချင်း အမှီသဟဲပြု၍ သာသနာတော်မြတ်ကြီးကို အာမိသာနုဂ္ဂဟဖြင့် စောင့်ရှောက်ချီးမြှောက်သွားပါက သာသနာတော်အရှည်ခန့်တည်တံ့ပြီး ဆရာတကာ နှစ်ဖြာလုံးမှာလည်း သံသရာဆုံးရာ နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိအကျိုး ဖွံ့ဖြိုးပြည့်စုံမည်ဖြစ်ကြောင်း သာရဏီယ ဩဝါဒကထာကို မြွက်ကြားသည်။

**သာသနာရေးဆိုင်ရာများကို လျှောက်ထား**

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် မြတ်စွာဘုရား၏ နှုတ်တော်ထွက် မူရင်းပါဠိ ဝိမုတ္တိရသတရားတော်များကို အလေးအမြတ်ပြုသောအားဖြင့် ရဟန်းသာမဏေတို့သာ ဖြေဆိုခွင့်ပြုခြင်း အာဂုံပြန်နှင့် သဘောရေးဖြေ နှစ်ဆင့်ဖြေဆိုရခြင်း စာမေးပွဲကာလကို ၃၃ရက်တိုင် ရက်ရှည်ကျင်းပခြင်း စသည့် စည်းကမ်းများသည် အရှင်မြတ်တို့၏ သဒ္ဓါ၊ ဝီရိယ၊ သမာဓိတို့နှင့် ပြည့်စုံပြီး ဉာဏ်ကျက်စားရာ စာမေးပွဲကြီး ဖြစ်ပါကြောင်း၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ကျင်းပခဲ့သည့် ၇၅ နှစ်အတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အရှင်မြတ် ၁၅ ပါးနှင့် ပိဋကသုံးပုံ အာဂုံဆောင် တိပိဋကဓရ သာသနာ့အာဇာနည်အရှင်မြတ် ခုနစ်ပါးထွက်ပေါ်ခဲ့သည်မှာ ကမ္ဘာ့အရပ်ရပ်၌ တွေ့ရှိရန် ခဲယဉ်းသော ဤစာမေးပွဲ၏ ထူးခြားမှုတစ်ရပ်ပင်ဖြစ်ပါကြောင်း သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသအရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များအား တစ်ပါးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် အလှူငွေကျပ် သိန်း ၁၈၀ (၁)သောင်းကို ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး **(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ စာပြန်သံဃာနှင့် သဘောရေးဖြေ သံဃာတော်များအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့တွင် ဆွမ်းအလှူရှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့က (၅) ကြိမ်မြောက် အရုဏ်ဆွမ်း/နေ့ဆွမ်းများကို လှူဒါန်းကြသည်။

**စာဖြေသံဃာ ၄၉၈ ပါး ဝင်ရောက်ဖြေဆို**

ယနေ့စတင်ကျင်းပသည့် (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသွားမည်ဖြစ်ပြီး စာဖြေသံဃာ ၄၉၈ ပါး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ရှိ ဟံသာသီရိ ကုန်းမြေတွင် ဆရာတော်ကြီးများ သီတင်းသုံးတည်းခိုဆောင်များ ပြင်ဆင်ဆောင်ရွက်နေသည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဟံသာသီရိ ကုန်းမြေ မြေပြုပြင်ခြင်းနှင့် မြေယာရှုခင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုတော်မူကြသော စာပြန်သံ ဃာတော်များအား ဖူးမြော်ကြည်ညိုပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေး ဆရာတော်များအား နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ **သတင်းစဉ်**

## ဒီဇင်ဘာလ ခရီးသွားရာသီအတွင်း အထင်ကရနေရာများသို့ ပြည်တွင်းခရီးသွားလာမှုများပြား

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ဒီဇင်ဘာလခရီးသွားရာသီအတွင်း အထင်ကရနေရာများသို့ ပြည်တွင်းခရီးသွားလာမှုများပြားနေကြောင်း အချက်အလက်များအရ သိရသည်။

ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ အထင်ကရနေရာများ ဖြစ်သော ပုဂံ-ညောင်ဦး၊ အင်းလေး-ကလော၊ ငွေဆောင်၊ ချောင်းသာ အပြင် တောင်တက်ခရီးစဉ်များ၊ တိမ်ပင်လယ်ခရီးစဉ်များသို့ လည်ပတ်မှုများပြားနေကြောင်း ခရီးသွားအေဂျင်စီများထံမှ သိရသည်။

"ဒီဇင်ဘာလက ရာသီဥတုကလည်း အေးအေးလေးနဲ့ ရုံးပိတ်ရက်၊ ဒီဇင်ဘာကျောင်းပိတ်ရက်တွေနဲ့ဆိုတော့ ခရီးသွားလာမှုများနေတယ်။ ပုဂံ-ညောင်ဦး၊ကလောဘက်တွေဆို တော်တော်လေးသွားကြတယ်။ ငွေဆောင်၊ ချောင်းသာကိုလည်း ရက်တိုခရီးစဉ်တွေအနေနဲ့ သွားရောက်လည်ပတ်ကြတယ်။ လူငယ်တွေကြား တိမ်ပင်လယ်ကြည့်တာတွေကလည်း စိတ်ဝင်စားမှုများလာကြတယ်"ဟု ခရီးသွား အေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် ယခုနောက်ပိုင်းလူငယ်များသည် တိမ်ပင်လယ်ခရီးစဉ်၊ အပန်းဖြေစခန်းများသို့ သွားရောက်၍ အပန်းဖြေလည်ပတ်မှုများရှိလာကြပြီး ယခုကဲ့သို့ အပန်းဖြေခရီးစဉ်များ ဖော်ဆောင်လာခြင်းသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးလှိုင်ဦးက ပြောကြားသည်။

"တိမ်ပင်လယ်တို့၊ ရေတံခွန်တို့၊ သာယာလှပတဲ့ရှုခင်းတွေကို ခရီးသွားတွေအနေနဲ့ သွားရောက်တယ်၊ ကြည့်ရှုတယ်၊ အနားယူတယ်ဆိုရင် ပြည်တွင်းခရီးသွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းတဲ့အလားအလာပါပဲ။ သဘာဝကို အခြေခံတဲ့ခရီးသွားလုပ်ငန်း၊ အပန်းဖြေတဲ့ခရီးသွားလုပ်ငန်း၊ ရေမြေတောတောင်သဘာဝအလှဆိုတာ တမူထူးခြားတဲ့အတွက် နိုင်ငံတကာ ခရီးသည်ဝင်ရောက်မှုအတွက် ဆွဲဆောင်တယ်။ ဒါပေမယ့် ပြည်တွင်းခရီးသွားတွေ ဖွံ့ဖြိုးတိုးတက်အောင်အရင် ဆောင်ရွက်မယ်၊ နောက်ပြီး နိုင်ငံခြားသားခရီးသွားတွေကို ကြိုဆိုဖို့အတွက် လိုအပ်တဲ့ပြင်ဆင်ဆောင်ရွက်မှုတွေ လုပ်ဆောင်ရမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံအတွင်း ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၁၁လတာကာလအတွင်း လိုင်စင်ရဟိုတယ်နှင့်တည်းခိုသည့် ပြည်တွင်းခရီးသွားအရေအတွက်မှာ ၈ ဒသမ ၈၅ သန်း ရှိခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန စာရင်းအင်းဌာနမှ သိရသည်။ **MT**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ (အမျိုးသား)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မန္တလေးဇုန်(က)အသင်းနှင့် မန္တလေးဇုန်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။

◆ ***ရွှေဖုံးမှ***

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ (အမျိုးသား)ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မန္တလေးဇုန်(က)အသင်းနှင့် မန္တလေးဇုန်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ်ဖိအားပေး ယှဉ်ပြိုင်ကြပြီး ပထမပိုင်း ပွဲကစားချိန် ၁၆ မိနစ်တွင် မန္တလေးဇုန် (ခ)အသင်းက ဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး ပွဲကစားချိန် ၃၆ မိနစ်တွင် ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့သည်။ ထို့နောက် ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပွဲကစားချိန် မိနစ် ၅၀ တွင် မန္တလေးဇုန် (ခ)အသင်းက တတိယဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သည်။

**အနိုင်ရဗိုလ်စွဲ**

ယင်းနောက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ဖိအားပေးကစားကြပြီး ပွဲကစားချိန် ၅၉ မိနစ်တွင် မန္တလေးဇုန် (က) အသင်းက ပထမဆုံးချေပဂိုးကို ပြန်လည်သွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် ၇၄ မိနစ်တွင် ဒုတိယချေပဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးချိန်တွင် မန္တလေးဇုန်(ခ) အသင်းက မန္တလေးဇုန်(က) အသင်းကို သုံးဂိုး- နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး (ဂိုးသမား)ဆု၊ အကောင်းဆုံး(နောက်တန်း)ဆု၊ အကောင်းဆုံး (အလယ်တန်း)ဆု၊ အကောင်းဆုံး (ရှေ့တန်း)ဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုရရှိသူများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမှုထန်၊ မန်းငြိမ်းမောင်၊ ပိုးရယ်အောင်သိန်းနှင့်ဒေါ်ခွဲဘူတို့က တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က နှစ်သိမ့်ဆုရရှိသည့် ရန်ကုန်ဇုန်(ခ)အသင်းအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက

***စာမျက်နှာ ၅ သို့***



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပထမဆုရရှိသည့် မန္တလေးဇုန်(ခ)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော တတိယဆုရရှိသည့် ရန်ကုန်ဇုန်(က)အသင်းအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် နှစ်သိမ့်ဆုရရှိသည့် ရန်ကုန်ဇုန်(ခ)အသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် အကောင်းဆုံး ကစားသမားဆုရရှိသူ တစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

တတိယဆုရရှိသည့် ရန်ကုန်ဇုန်(က)အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဒုတိယဆုရရှိသည့် မန္တလေးဇုန်(က)အသင်းကိုလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ပထမဆုရရှိသည့် မန္တလေးဇုန်(ခ)အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

**တံခွန်စိုက် ဆုဖလားပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပထမဆုရရှိသည့် မန္တလေးဇုန် (ခ)အသင်းအား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





### ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပထမဆုရရှိသည့် မန္တလေးဇုန်(ခ)အသင်းအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

### ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ကဒူးလူမျိုးတို့၏ သမိုင်းကြောင်းကိုပါ ပြသနိုင်မည့် ပြတိုက်ကြီးတစ်ခုကို တည်ထောင်ဖွင့်လှစ်ရန် အစီအစဉ်ရှိနေ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ကဒူးလူမျိုးတို့၏ သမိုင်းကြောင်းကိုပါ ပြသနိုင်မည့် ပြတိုက်ကြီးတစ်ခုကို တည်ထောင်ဖွင့်လှစ်သွားရန် အစီအစဉ်ရှိကြောင်း ကဒူးစာပေပေါ်ပေါက်ရေးကော်မတီအတွင်းရေးမှူး ကိုသန်းနိုင်၏ ပြောကြားချက်အရ သိရသည်။

လက်ရှိ ဗန်းမောက်မြို့နယ်တွင် ကဒူးရိုးရာယဉ်ကျေးမှုပြတိုက်ကို တည်ဆောက်ပြီးနောက် ကဒူးတိုင်းရင်းသားတို့၏ ပစ္စည်းများကို စုဆောင်းနေကာ နောင်တွင် သမိုင်းကြောင်းကိုပါ ပြသနိုင်မည့် ပြတိုက်အဆင့်အထိ တည်ဆောက်ပြသနိုင်ရန်အတွက် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ပုံငွေ ရှိရင်ရှိသလို အကြီးကြီး ဆောက်ဖို့ရှိတယ်။ အခုကတော့လက်ရှိ လုပ်ထားတဲ့ဟာက ကြီးကြီးမားမား မဟုတ်သေးဘူး။ လက်ရှိ သုံးနေတဲ့ အခြေအနေကို ပြသမှာပဲရှိတာ။ နောက်ပိုင်း ကျွန်တော်တို့ ရည်မှန်းထားတာကနေရာ ကျယ်ကျယ်ဝန်းဝန်းရတယ်ဆိုရင် ပြတိုက်အကြီးကြီး ဆောက်ပြီးတော့ ရှေးတုန်းကဟာတွေရော ရှေးဟောင်းပစ္စည်းတွေကအစ ခင်းကျင်းပြသဖို့ လုပ်မှာပေ့ါ။ ဒါပေမယ့် အဲဒါက အဆောက်အအုံတောင် မဆောက်ရသေးပါဘူး" ဟု ကိုသန်းနိုင်က ဆိုသည်။

လက်ရှိ အဆောက်အုံမှာ အဆောက်အအုံငယ်သာဖြစ်ပြီး ကဒူးကနန်းဒေသတွင် အသုံးပြုနေသော အသုံးအဆောင်ပစ္စည်းများကို ပြသမည်ဖြစ်ကြောင်းနှင့် လက်ရှိတည်ဆောက်ပြီးစီးသွားသည့် ကဒူးရိုးရာ ယဉ်ကျေးမှုပြတိုက်ဖွင့်လှစ်မည့်ရက်ကို မပြောနိုင်သေးကြောင်း ၎င်းကဆိုသည်။

"လက်ရှိကဒူးရိုးရာ ယဉ်ကျေးမှုပြတိုက်အတွက် ပစ္စည်းတွေစုတာက ဘယ်လောက် ရာခိုင်နှုန်းပြီးတယ်လို့ အတိအကျတော့ မသိပါဘူး။ ကဒူးဒေသမှာ အသုံးပြုနေတဲ့ဟာတွေကို ပြသဖို့လုပ်နေတာပါ။ လောလောဆယ်မှာ မြေပြင်ဆင်းလို့ မရသေးတာမို့လို့ ခဏစောင့်နေတာပါ။ လောလောဆယ်ကတော့ ဆိုင်းငံ့ထားတဲ့ အခြေအနေပါ" ဟု ကိုသန်းနိုင်က ဆိုသည်။

**သစ်တော်**

## ကျောက်ဆည်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ကျောက်ဆည် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့ နံနက်က ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးမှူးရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက မီးသတ်ဦးစီးဌာန ခရိုင်အဆင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် စိတ်ဓာတ်ကြံ့ခိုင်မှုသည် အရေးကြီးကြောင်း၊ ယခု မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း သဘာဝဘေးအန္တရာယ်များ နေရာအနှံ့ ဖြစ်ပေါ်လျက်ရှိရာ ဘေးအန္တရာယ် မဖြစ်ပေါ်မီ ကာလကတည်းက ကြိုတင်လေ့ကျင့်ခြင်းများ ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ သင်တန်းသို့ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ် ဦးစီးမှူးများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ စုစုပေါင်း ၆၅ ဦး တက်ရောက် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရှိပျံ့ချို မဟာသရေစည်သူ စိုးဝင်း အား ကျောင်းဆင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း အလံတော်အဖွဲ့နှင့် ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးစဉ်။

❖ ကျောဖုံးမှ

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အလေးပြုခြင်းကို ခံယူ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း က သင်တန်းဆင်း တပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် အလံတော်အဖွဲ့နှင့် ကျောင်းဆင်းတပ်ခွဲများအား စစ်ဆေးသည်။ ၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ကျောင်းဆင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၊ အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၈)မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ နန်းနွယ်နွယ်အေး၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ သင်တန်းသူ သီရိပါဝါနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ အိမွန်ကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

**မိန့်ခွန်းပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း က မိန့်ခွန်းပြောကြားရာတွင် ဒီနေ့သည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၁)နှင့် အမျိုးသမီး သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၈)တို့၏ သင်တန်းဆင်းသည့် နေ့ဖြစ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက်လည်း ကာကွယ်ရေးစွမ်းအားစု တစ်ရပ် အားသစ်လောင်းသည့် နေ့တစ်နေ့ဖြစ်ကြောင်း။ သင်တန်းကာလအတွင်းတွင် **"သူရ၊ ပညာ၊ ကျွမ်းကျင်"** ဆိုသည့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ ဆောင်ပုဒ်နှင့်အညီ စစ်ပညာနှင့် ဆေးဘက်ပညာရပ်များကို ကဏ္ဍအလိုက် နားလည်တတ်ကျွမ်းအောင် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဖြစ်ကြောင်း၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သည် ယနေ့အပါအဝင် သူနာပြုပါရဂူဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ ဆေးပညာသင်ကြားရေးဘွဲ့လွန် ဒီပလိုမာဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့ရရှိသူ စုစုပေါင်း ၅၄၂၄ ဦးကို **"ကျွမ်းကျင်ကူညီ ဆေးစစ်သည်"** များအဖြစ် လေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်း ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များကလည်း ကျရာနေရာအသီးသီးတွင် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်ကြောင်း။

**" တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် ယနေ့အပါအဝင် သူနာပြုပါရဂူဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံဘွဲ့၊ ဆေးပညာသင်ကြားရေးဘွဲ့လွန် ဒီပလိုမာဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့ရရှိသူ စုစုပေါင်း ၅၄၂၄ ဦးကို "ကျွမ်းကျင်ကူညီဆေးစစ်သည်" များအဖြစ် လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး သင်တန်းဆင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကလည်း ကျရာနေရာအသီးသီးတွင် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ် "**

**လေ့ကျင့်သင်ကြားပေး**

နိုင်ငံတော်၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျန်းမာရေး ဝန်ထမ်းများဖြစ်သည့် ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များသည် လုံလောက်သော အရည်အချင်းများနှင့် ပြည့်ဝနေရန် လိုအပ်ကြောင်း၊ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ဆရာဝန်များသာမက သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ဆိုင်ရာနည်းပညာ ကျွမ်းကျင်သူများ သည်လည်း အရေးကြီးသော အင်အားစုကြီးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ကျန်းမာရေးဆိုင်ရာ ပညာရပ်များနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

*စာမျက်နှာ ၇ သို့*

**မိမိတို့ ယနေ့ငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်နေခြင်းသည် မိမိတို့၏ သားစဉ်မြေးဆက် လူငယ်များအတွက် တည်ငြိမ်သည့်အနာဂတ်နှင့် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အဆင့်မီ နိုင်ငံတစ်ခုဖြစ်အောင် လက်ဆင့်ကမ်းအမွေပေးနိုင်ရန် အမျိုးသားရေးတာဝန်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်း ဖြစ်သည်။ ကိုယ်ကျိုးစီးပွားအတွက်၊ တစ်ဦးတစ်ယောက် နာမည်ကောင်းရရန် အတွက် ဖော်ဆောင်နေခြင်း မဟုတ်ပေ။**

[နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၃-၃-၂၀၂၁) ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်]



ပြည်ထောင်စုတိုင်းရင်းသားများ ဓာတ်ပုံ - ကျော်ဆွေမိုး





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရဲပိုင်ချိုး မဟာသရေစည်သူ စိုးဝင်း လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ သီရိပါဝါနှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ အိမွန်ကျော်တို့အား ဆုများပေးအပ်ချီးမြှင့်စဉ်။**

*စာမျက်နှာ ၆ မှ*

ထို့အပြင် ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှု နည်းလမ်းများကို အမြဲမပြတ် လေ့လာပြီး မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင်ရိုးညွှန်းတမ်းအသစ်ကို ၂၀၁၆ ခုနှစ်က စတင်ပြီး ပြင်ဆင်ရေးဆွဲခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ သင်ရိုးညွှန်းတမ်းအသစ်ကို အတည်ပြုပေးနိုင်ခဲ့ပြီး ၂၀၂၀-၂၀၂၁ လေ့ကျင့်ရေးနှစ်က အစပြု၍ သင်ကြားပို့ချပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့သင်တန်းဆင်းသည့်သူများသည် သင်ရိုးညွှန်းတမ်းအသစ်နှင့် ပထမဦးဆုံး လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် သူများပင် ဖြစ်ကြောင်း။

**အထောက်အကူပြုပေး**

သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ အကူအညီပေးရေး လုပ်ငန်းစဉ်များသည် ဆေးဝန်ထမ်းတပ်ဖွဲ့၏ အဓိက လုပ်ငန်းတာဝန်ဖြစ်ပြီး တပ်မတော်၏ ကာကွယ်ရေးစွမ်းအား မြင့်မားစေရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးလျက် ရှိကြောင်း၊ သူနာပြုတပ်ဖွဲ့ဝင်များသည် ပြုစုကုသမှုဆိုင်ရာ ညွှန်ကြားချက်အရ လူနာတစ်ဦးချင်းစီကို လိုအပ်သော ပြုစုမှုများပေးရသလို ဆေးကုသမှုတွင် အသုံးပြုရသည့် ဆေးပစ္စည်းကိရိယာများနှင့် စက်ပစ္စည်းများကို လုပ်ငန်းစဉ်မပျက် အမြဲအသုံးပြုနိုင်သည့်အခြေအနေတစ်ရပ်တွင်ရှိနေအောင် တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ပေးရကြောင်း၊ ထို့ကြောင့် သူနာပြုသင်တန်းသားများ အနေဖြင့် လက်တွေ့နယ်ပယ်ရောက်ရှိသည့်အခါ သင်ကြားပေးလိုက်သည့် သူနာပြုစုမှုနည်းစနစ်များ၊ ဆေးပစ္စည်းကိရိယာ ကိုင်တွယ်အသုံးပြုမှုများကို ကျွမ်းကျင်ပိုင်နိုင်မှု ရှိစေရန် အမြဲသတိရှိရန် လိုအပ်သကဲ့သို့ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာသည့် သူနာပြုနည်းစနစ်များနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများအကြောင်းကိုလည်း စဉ်ဆက်မပြတ် လေ့လာသွားကြရမည်ဖြစ်ကြောင်း။

**တာဝန်ကျေပွန်အောင်ထမ်းဆောင်**

အခြေခံ သူနာပြုကောင်းတစ်ဦးအတွက် အရေးကြီးဆုံးသည် သူနာပြုစိတ်ဓာတ် (The Sprit of Nursing) ခိုင်မာရှင်သန်နေရန်ပင်ဖြစ်ကြောင်း၊ အခြေခံ သူနာပြုစိတ်ဓာတ် ဖြစ်သည့် သနားကြင်နာတတ်မှု၊ ကိုယ်ချင်းစာတတ်မှု၊ ခံနိုင်ရည်ရှိမှု၊ ရိုးသားမှုနှင့် အနစ်နာခံတတ်မှု စသည့် အချက်များနှင့် ပြည့်စုံနေပါက မည်သည့် နေရာဒေသတွင် မည်သည့်တာဝန်ကိုမဆို ကျေပွန်အောင် ထမ်းဆောင်သွားနိုင်မည် ဖြစ်ကြောင်း၊ သူနာပြုကောင်းတစ်ဦး၏ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်များသည် လူနာအတွက် ဝေဒနာတစ်ဝက် သက်သာစေခြင်းဖြစ်၍ မိတ်ဆွေကဲ့သို့ ဆက်ဆံခြင်း၊ ရိုင်းပင်းကူညီခြင်း၊ ရိုးသားခြင်း၊ စိတ်ရှည်သည်းခံနိုင်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်း၊ အကြင်နာတရားရှိခြင်း စသည့် သူနာပြုတစ်ယောက် ကျင့်ကြံနေထိုင်ရမည့် အချက်များနှင့်အညီ လိုက်နာကျင့်ကြံသွားကြရန်လည်း လိုအပ်ကြောင်း၊ သူနာပြုလုပ်ငန်းသည် ကျန်းမာရေးကဏ္ဍအတွက် အခြေခံအကျဆုံးနှင့် အရေးပါဆုံး လုပ်ငန်းတစ်ရပ်ဖြစ်ခြင်းကြောင့် မိမိတို့ ထမ်းဆောင်နေရသည့် တာဝန်အပေါ်တွင် ပေါ့ပေါ့ဆဆ သဘောမျိုး မထားဘဲ **"စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"** ဆိုသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ သူနာပြုကျင့်ဝတ်နှင့် သူနာပြုစိတ်ထားများ ရှင်သန်ကိန်းအောင်းနေအောင် ပြုကျင့်နေထိုင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာ သင်တန်းသား၊ သင်တန်းသူများသည်လည်း အမိတက္ကသိုလ်က သင်ကြားပေးလိုက်သည့် ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချပြီး ဆေးရုံဆေးတပ်ဖွဲ့ များတွင် တာဝန်အသီးသီးကို ထမ်းဆောင်သွားကြရတော့မည်ဖြစ်ကြောင်း၊ ဆေးဝါးကျွမ်းကျင်သူများအနေနှင့် လူသားတို့၏ ကျန်းမာရေးအတွက် အသုံးဝင်နိုင်သည့် သစ်ပင်၊ သစ်မြစ်၊ သစ်ဥ၊ သစ်ဖုများ၏ မည်သည့်အစိတ်အပိုင်းများက အသုံးဝင်နိုင်ကြောင်းကို လေ့လာနေကြရမည်ဖြစ်ကြောင်း၊ နွယ်မြက်သစ်ပင်များ၏ သဘာဝပစ္စည်း၊ ဓာတ်ပစ္စည်း၊ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိ

*စာမျက်နှာ ၈ သို့*

❑ **သူနာပြုလုပ်ငန်းသည် ကျန်းမာရေးကဏ္ဍအတွက် အခြေခံအကျဆုံးနှင့် အရေးပါဆုံး လုပ်ငန်းတစ်ရပ်ဖြစ်ခြင်းကြောင့် မိမိတို့ ထမ်းဆောင်နေရသည့် တာဝန်အပေါ်တွင် ပေါ့ပေါ့ဆဆသဘောမျိုးမထားဘဲ "စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ" ဆိုသည့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဆောင်ပုဒ်နှင့်အညီ သူနာပြုကျင့်ဝတ်နှင့် သူနာပြုစိတ်ထားများ ရှင်သန်ကိန်းအောင်းနေအောင် ပြုကျင့်နေထိုင်သွားကြရန် တိုက်တွန်းမှာကြားလို**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုးသိုး မဟာသရေစည်သူ စိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၁)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

*စာမျက်နှာ ၇ မှ*

များကတစ်ဆင့် ဆေးဝါးဆိုင်ရာ အာနိသင်များကို လူသားတို့ အသုံးပြုနိုင်ရန် ရှာဖွေဖော်စပ်နေကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်စပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများအကြောင်းကို နားလည်ရမည့်အပြင် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်ရန်လည်း လိုအပ်ကြောင်း၊ ဆေးဝါးများကို ထိန်းသိမ်းခြင်း၊ လူနာလက်ဝယ်သို့ မပျက်မစီး မှန်မှန်ကန်ကန် ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်းတို့သည်လည်း ဆေးဝါးကျွမ်းကျင်သူများ လုပ်ငန်းတာဝန်များပင် ဖြစ်ကြောင်း။

**❝ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ ထမ်းဆောင်ကြရသည့် အဓိကတာဝန်သည် သူတစ်ပါးအသက်ကို အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ခြင်းကြောင့် မွန်မြတ်ဖြူစင်ပြီး ထူးကဲသည့် ကုသိုလ်အကျိုးကိုရရှိစေသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုပင်ဖြစ် ❞**

### မှတ်တမ်းကောင်းရေးထိုး

အနောက်တိုင်း ဆေးပညာပိုင်းတွင်သာမက တိုင်းရင်းဆေးပညာရပ်ပိုင်းတွင်လည်း ကျွမ်းဝင်နှံ့စပ်သူများဖြစ်အောင် ကျင့်ကြံအားထုတ်ပြီး တပ်မတော်သားမိသားစုများနှင့် ပြည်သူလူထုအပေါ် ကျန်းမာရေးအသိပညာဖြန့်ဝေပေးခြင်း၊ ဆေးအကာအကွယ်ပေးခြင်း စသည့်ပြုစုကုသခြင်းများနှင့် အလုပ်အကျွေးပြုစောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း၊ ထို့အပြင် ဆေးဝါးနှင့်အထောက်အကူပြုပစ္စည်းကိရိယာများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ နေရာတကျ အသုံးပြုတတ်ကြရမည်ဖြစ်သကဲ့သို့ အချိန်အခါနှင့် နေရာဒေသပေါ်မူတည်ပြီး တိုင်းရင်းဆေးပညာရပ်နှင့် ခေတ်သစ်ဆေး ပညာရပ်များကို လိုက်လျောညီထွေဖြစ်အောင် တွဲဖက်အသုံးပြုတတ်ရန်လိုကြောင်း၊ သို့မှသာ **“ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်”** ဆိုသည့် ဆေးဝန်ထမ်း တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်ကို စွမ်းဆောင်ရည်ပြည့်ဝစွာ ထမ်းရွက်သယ်ပိုးနိုင်သည့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်ကောင်းများ အဖြစ် မှတ်တမ်းကောင်း ရေးထိုးနိုင်ကြမည်ဖြစ်ကြောင်း။

### လေ့လာဆည်းပူး

အခြား ဆေးဘက်ဆိုင်ရာ ပညာရှင်ဖြစ်သည့် ခွဲစိတ်ခွဲနည်းပညာ ကျွမ်းကျင်သူများ၊ ခွဲစိတ်မှန်ပုံရိပ်ဖော်ကျွမ်းကျင်သူများ၊ ခန္ဓာသန်စွမ်းမှုနည်းပညာ ကျွမ်းကျင်သူများအနေဖြင့်လည်း မိမိတို့အထူးပြု ကျွမ်းကျင်ဘာသာရပ်အလိုက် လူနာများအပေါ် ကုသမှုပေးရာတွင် မှန်ကန်ထိရောက်မှုရှိသည့် စစ်ဆေးဖော်ထုတ်မှုများနှင့် ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေးပြုစု စောင့်ရှောက်ကုသမှုများ ပေးနိုင်ရန်အတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ တတ်ကျွမ်းထားသည့် အထူးပြု ဘာသာရပ်အလိုက် သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရမည့်အပြင် လူနာများ၏ ကောင်းကျိုးအတွက် အခြားသော ဆေးပညာရပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြီးပြည့်စုံသည့် ကုသမှုများပေးသွားကြရန် လိုအပ်ကြောင်း။

တာဝန်ကျရာနယ်မြေ ဒေသအသီးသီးကို ရောက်ရှိသွားချိန်တွင် တပ်မတော်သားများနှင့် မိသားစုဝင်များကိုသာမက ဒေသတွင်း ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကိုပါ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် ခေတ်နှင့်အညီ ပြောင်းလဲနေသည့် ဆေးပညာရပ်များကို ဆက်လက် လေ့လာဆည်းပူးကာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းစဉ်ဖြစ်သည့် ပြုစုကုသရေး၊ ရောဂါရှာဖွေရေး၊ တားဆီးကာကွယ်ရေး၊ ကျန်းမာရေး မြှင့်တင်ပေးရေးနှင့် ပြန်လည်သန်စွမ်းရေး လုပ်ငန်းစဉ်များကို မေတ္တာစေတနာ အရင်းခံပြီး နိုင်ငံ့သားကောင်း ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များပီပီ ကျောသား၊ ရင်သားမခွဲခြားဘဲ စိတ်ကောင်းစေတနာကောင်းများဖြင့် ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် လွတ်လပ်ရေး ကြိုးပမ်းမှုကာလများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် အပြင် လွတ်လပ်ရေးရပြီးကာလမှ ယနေ့အချိန်ထိ တိုင်းပြည်တာဝန်ကို ကျရာအခန်းကဏ္ဍမှ ထမ်းဆောင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုအပါအဝင် တပ်မတော်သားများနှင့် မိသားစုဝင်များကို ကျန်းမာရေး စောင့်ရှောက်မှု ပေးသည့်အခါ သာမန်အချိန်များ၌ သာမက သဘာဝဘေးအန္တရာယ်ကျရောက်သည့် အချိန်များတွင်ပါ ရှေ့တန်းက ပါဝင်ခဲ့ကြကြောင်း၊ တပ်မတော်စစ်ဆေးရုံ၊ ဆေးတပ်ရင်းများတွင် ဒေသခံပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနေသည့်အပြင် နယ်လှည့် ဆေးကုသမှုလုပ်ငန်းများကိုလည်း ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် ပိုမိုတိုးမြှင့်ပြီး အင်တိုက်အားတိုက် ဆောင်ရွက်ပေးနိုင် ခဲ့ကြောင်း၊ နယ်လှည့် အထူးဆေးကုသအဖွဲ့များသာမက သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များတွင် နယ်မြေခံ ဆေးကုသရေးအဖွဲ့များ ဖွဲ့စည်းကာ ဒေသခံတိုင်းရင်းသား ပြည်သူလူထုများကို ကျန်းမာရေးပြုစု စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

### အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုပင်ဖြစ်

ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များ ထမ်းဆောင်ကြရသည့် အဓိကတာဝန်သည် သူတစ်ပါးအသက်ကို အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ခြင်းကြောင့် မွန်မြတ်ဖြူစင်ပြီး ထူးကဲသည့် ကုသိုလ်အကျိုးကို ရရှိစေသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုပင်ဖြစ်ကြောင်း၊ စောင့်ရှောက်ကုသရမည့် လူနာများနှင့်ပတ်သက်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တိုင်း ပြုကျင့်ကြရမည့် ကျင့်ဝတ်၊ ရည်မှန်းချက်၊ တာဝန်များနှင့်အညီ ပြုစုကုသမှုပေးခြင်းသည် ဆေးဝန်ထမ်းကောင်းတစ်ဦး၏ စံပြလုပ်ရပ်ကို ဖော်ထုတ်ပြသခြင်း ဖြစ်သကဲ့သို့ တပ်မတော်၏ အစဉ်အလာပြယုဂ်ကို ဖော်ညွှန်းမြှင့်တင်ပေးခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် သူနာပြုအဓိဋ္ဌာန်များ နှင့်အညီ ကတိသစ္စာပြုထားသည့်အတိုင်း ပြုမူကျင့်ကြံနေထိုင်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဂုဏ်ဒြပ်နှင့် တပ်မတော် အစဉ်အလာကို မြှင့်တင်နိုင်သည့် တပ်မတော်သူနာပြုကောင်းများ အဖြစ် မှတ်တမ်း ရေးထိုးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

### ရိုင်းပင်းကူညီ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နေစဉ်ကာလအတွင်းတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ *စာမျက်နှာ ၉ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုးသိုး မဟာသရေစည်သူ စိုးဝင်း ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

*စာမျက်နှာ ၈ မှ*

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုသည့် နိုင်ငံရေး ရည်မှန်းချက် ၂ ရပ်ကိုလည်း ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း။ ထိုသို့ ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားအချင်းချင်း သွေးမကွဲဘဲ ပြည်ထောင်စု စိတ်ဓာတ်နှင့် တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်အောင် လုပ်ဆောင်သွားကြရမည် ဖြစ်ကြောင်း။ ထို့ကြောင့် မိမိတို့နိုင်ငံသည် ပကတိအရှိတရားအရ ပြည်ထောင်စုစနစ်နှင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အဓိက ကျသကဲ့သို့ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးသည်လည်း အရေးအကြီးဆုံးနှင့် အလိုအပ်ဆုံးဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်း ဖြစ်သကဲ့သို့ တပ်မတော်သားများသည်လည်း ပြည်သူများ၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူလူထု၏အားကို အရင်းတည်ပြီး စုစည်းညီညွတ်သည့်အားနှင့် ပြည်ထောင်စုကြီးကို ကာကွယ် စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ကာကွယ်စောင့်ရှောက်ရာတွင် လည်း သမိုင်းပေး သင်ခန်းစာများအရ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုစိတ်ဓာတ်နှင့် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး မပြိုကွဲရအောင် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ အတွေးအခေါ်၊ အသိအမြင်၊ ယုံကြည်ချက်၊ ခံယူချက်များသည် ပြည်ထောင်စုစိတ်ဓာတ်အပေါ်တွင် အခြေခံနေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် တာဝန်ကျရာ ဒေသအသီးသီးတွင် တိုင်းရင်းသား ပြည်သူများနှင့် ထိတွေ့ဆက်ဆံသည့်အခါ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အတွက် အလေးထား စည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**လေးစားလိုက်နာ**

တပ်မတော်၏ အသက်သွေးကြောသည် စည်းကမ်းပင်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် အမိန့်နှင့် စည်းကမ်းကို မဏ္ဍိုင်ပြုထားသည့် တပ်မတော်၏ ကွပ်ကဲအုပ်ချုပ်မှုအောက်တွင် နေထိုင်ရသည့်သူများ ဖြစ်သည့်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာနေကြရန် လိုကြောင်း၊ ထို့အပြင် တပ်မတော်သားများ ကျင့်ကြံလုပ်ဆောင်ရမည့် စစ်သည်တော် ကျင့်ဝတ်များကိုလည်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်း လိုက်နာသွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ စည်းကမ်းကောင်းမွန်ပြီး ကိုယ်ကျင့်တရားပြည့်ဝသည့် စစ်သည်တော်ကောင်းများ ဖြစ်လာမည်ဖြစ်ပြီး တပ်မတော်သည်လည်း စည်းကမ်းပြည့်ဝသည့် ပြည်သူများက ယုံကြည်ကိုးစားရသော တပ်မတော်ကြီးဖြစ်လာမည်ဖြစ်ကြောင်း။

**ဥပဒေများလေးစားလိုက်နာ**

ထို့အပြင် တပ်မတော်သားဘဝကို မိမိတို့ သဘောဆန္ဒအလျောက်ခံယူခဲ့ပြီး ဖြစ်ခြင်းကြောင့် **"ရဲဘော် အချင်းချင်းပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်၏"** ဆိုသည့် ရဲဘော်ရဲဘက်စိတ်ကို အခြေခံပြီး ပေးအပ်လာသည့် မည်သည့် တာဝန်မျိုးကိုမဆို ကိုယ်ချင်းစာစိတ်ထားရှိကာ အေးအတူ ပူအမျှ ကျေပွန်စွာ ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာနှင့် နယ်ဘက်ဆိုင်ရာ ဥပဒေများကိုလည်း လေးစားလိုက်နာပြီး ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များဖြစ်သည်နှင့်အညီ ဆေးဘက်ဆိုင်ရာ ကျင့်ထုံးဥပဒေများနှင့် ကျင့်ဝတ်သိက္ခာများကိုပါ စောင့်ထိန်း လိုက်နာသွားရန် လိုကြောင်း။

စစ်သည်တော်ကောင်းတစ်ဦးဖြစ်လာစေရန်အတွက် အရေးအကြီးဆုံးအချက်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေအောင် စစ်သည်တစ်ဦးချင်းစီက ဖြည့်ဆည်းလေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်သုံးရပ် ထက်မြက်ပြီး အခြေခံအရည်အချင်း ငါးပါးနှင့် ပြည့်စုံအောင် နေထိုင်ပြုမူကျင့်ကြံကာ သူနာပြုများ ခံယူကျင့်သုံးအပ်သည့် အဓိဋ္ဌာန်ပြု ကတိသစ္စာ ၉ ချက်နှင့်အညီ စောင့်ထိန်းလိုက်နာသွားကြမည် ဆိုပါက နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထား ပြုရသည့် သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ စစ်သည်တော်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

**သူနာပြုကောင်းများဖြစ်အောင်**

စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး ဆေးဝန်ထမ်းတပ်ဖွဲ့၏ ဂုဏ်နှင့် တပ်မတော်၏ အစဉ်အလာကို စောင့်ထိန်းမြှင့်တင်နိုင်သည့် သူနာပြုကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်၊ **"စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"**ဆိုသည့် ဆောင်ပုဒ်ကို နှလုံးသွင်းပြီး သူနာပြုကောင်းတစ်ဦးတွင် ရှိရမည့် ကျင့်ဝတ်၊ အရည်အချင်းနှင့် သူနာပြုစိတ်ဓာတ်ပြည့်ဝ ထက်သန်သူများဖြစ်အောင် တည်ဆောက်သွားကြရန်၊ ထက်မြက်သည့် သူနာပြုနှင့် ဆေးဘက်ပညာ ကျွမ်းကျင်သူများ ဖြစ်စေရေးအတွက် ခေတ်မီသူနာပြုသိပ္ပံနှင့် ဆေးဘက်ပညာရပ်ဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို မျက်ခြည်မပြတ်လေ့လာဆည်းပူးသွားကြရန်၊ တာဝန်ကျရာ ဒေသအသီးသီးရှိ တိုင်းရင်းသား ပြည်သူများနှင့် ထိတွေ့ဆက်ဆံသည့်အခါ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အလေးထား စည်းရုံး ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းသည် ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ကျောင်းဌာနချုပ် ညှော့ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၂၁)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲ တက်ရောက်လာကြသူများ နှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

**ကြည့်ရှုအားပေး**

ညစာသုံးဆောင် အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်းသူနာပြုများနှင့်အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၂၁)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။

## မြိတ်တက္ကသိုလ်၌ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုစာပေနှင့်အကသင်တန်းဖွင့်

**မြိတ် ဒီဇင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက မြိတ်တက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ် ခမ္မာရုံ အချောသပ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြား၍ ဘွဲ့နှင်းသဘင်ခန်းမ၌ ဖွင့်လှစ်သည့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ စာပေနှင့် အကသင်တန်းဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်တက္ကသိုလ် ခမ္မာရုံသို့ ရောက်ရှိကြပြီး အလျား ၁၃၈ ပေ၊ အနံ ၄၆ ပေရှိ ခမ္မာရုံ တည်ဆောက် ပြီးစီးမှုများကို တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာဝင်းဝင်းသန်းက လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြည့်ရှုစစ်ဆေးကာ အချောသပ် တည်ဆောက်ရေးလုပ်ငန်းများတွင် မြန်မာမှုဗိသုကာလက်ရာများ ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားပြီး မြိတ်တက္ကသိုလ် တိုင်းရင်းသားယဉ်ကျေးမှုနှင့် စာပေအသင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တက္ကသိုလ် ဘွဲ့နှင်းသဘင်တွင် ဖွင့်လှစ်သည့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှု စာပေနှင့် အကသင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောမာတင်လူသာ က အမှာစကား ပြောကြားသည်။



ဆက်လက်၍မြိတ်တက္ကသိုလ် ပါမောက္ခချုပ်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားပြီး သင်တန်း တက်ရောက်ကြမည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ သင်တန်းကိုကျောင်းချိန်ပြင်ပ ညနေ ၃ နာရီခွဲမှ ၅ နာရီအထိ တိုင်းရင်းသား လူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာအကများကို သင်တန်းကာလ ၂၈ ရက်ကြာ သင်ကြားပေးမည်ဖြစ်သည်။

**ခိုင်ထူး (ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ရှိ အထူးကုသမှုစင်တာ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး နှင့် ဇနီး၊ တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ရှိအထူးကုသမှုစင်တာသို့ သွားရောက်၍ ဆေးရုံတက်ရောက် ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား လိုက်လံကြည့်ရှု အားပေးစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ရှိအထူးကုသမှုစင်တာသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက်အထူးကုသမှုစင်တာ တွင် တက်ရောက်ဆေးကုသမှုခံယူ လျက်ရှိသည့် အရာရှိ၊ စစ်သည် များအား လိုက်လံကြည့်ရှုကာ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုအခြေ အနေများ၊ ဆေးဝါးကုသပေးထား မှုအခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေ များအား ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာ များနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

**အားပေးစကားပြောကြား**

အလားတူ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ် (ကြည်း) ၏ ဇနီး ဒေါ်သန်း သန်းနွယ်နှင့် အဖွဲ့ဝင်များသည် အထူးကုသမှုစင်တာ၌ တက် ရောက် ဆေးကုသမှုခံယူလျက်ရှိ သည့် ရဲမေများနှင့် မိသားစုဝင် များအား လိုက်လံကြည့်ရှုကာ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ဆေးဝါးကုသ ပေးထားမှု အခြေအနေများနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန် မှုအခြေအနေများအား ရင်းရင်း နှီးနှီး မေးမြန်းအားပေး စကား ပြောကြားပြီး စားသောက်ဖွယ်ရာ များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ် (ကြည်း) ၏ ဇနီး ဒေါ်သန်း သန်းနွယ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှုခံယူ လျက်ရှိသော အရာရှိ၊ စစ်သည် များနှင့် မိသားစုဝင်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ ကြသည်။

အလားတူ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ် (ကြည်း) သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား လိုက်လံကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် အထူးကုသမှုစင်တာ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ရဲမေများနှင့် မိသားစုဝင်များအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၂၁)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၈) တို့မှ သင်တန်းဆင်းသင်တန်းသား သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တပ်မတော်သူနာပြုနှင့် ဆေးဘက် ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်း အမှတ်စဉ် (၂၁) နှင့် အမျိုးသမီး သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံ ဘွဲ့ သင်တန်းအမှတ်စဉ် (၈)တို့မှ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ဆေးဝန်ထမ်း တာဝန်ခန့်အပ်ခြင်း အခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန် တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့်ဆေးဘက် ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ကျင်းပရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက် ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ကျောင်း ဆင်း သင်တန်းသား သင်တန်းသူ များ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တပ်မတော်အရာရှိကြီး များနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့် ထက်တွင် နေရာယူကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦးက ကျောင်း ဆင်း သင်တန်းသား သင်တန်းသူ တစ်ဦးချင်းစီအား ဆေးဝန်ထမ်း တာဝန်ခန့်အပ်လွှာများ ပေးအပ် သည်။ **(ယာပုံ)**

ထို့နောက် စစ်ရေးချုပ်ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦးက အမှာ စကားပြောကြားပြီး အခမ်းအနား ကိုရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နောက်ဆက်တွဲစာချုပ် လက်မှတ်ရေးထိုး

## ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဥယျာဉ်စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိမည်



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ဖြည့်စွက်သည့် နောက် ဆက်တွဲစာချုပ် (Addendum) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။(ယာပုံ)

### မီဒီယာများတက်ရောက်

အခမ်းအနားသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဒေါက်တာသီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အထူးစီးပွားရေးဇုန်အသီးသီး၏ စီမံခန့်ခွဲမှုကော်မတီများမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ CITIC Group မှ ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ မီဒီယာများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် အိမ်နီးချင်းများဖြစ်ကြပြီး ရာစုနှစ်ပေါင်းများစွာကတည်းက အလွန်ချစ်ခင်ရင်းနှီးသော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိကြောင်း၊ မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး နှစ်ပေါင်း ၇၀ ကျော်အတွင်း နှစ်နိုင်ငံအကြား နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှု ပိုမိုနက်ရှိုင်းလာခဲ့ပြီး ချစ်ကြည်ရေးလည်း ပိုမိုခိုင်မာလာခဲ့ကာ နှစ်နိုင်ငံကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုစသည့်စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုတိုးတက်လာပါကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ(CMEC) သည် ကီလိုမီတာ ၁၇၀၀ ရှည်လျားပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့ကို ဖြတ်ကာ အနောက်ဘက် ပင်လယ်ရေကြောင်း ထွက်ပေါက်ဖြစ်သည့် ကျောက်ဖြူမြို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် စီမံကိန်းတစ်ခု ဖြစ်ကြောင်း။

ကျောက်ဖြူမြို့သည် ဘင်္ဂလားပင်လယ်အော်ကမ်းခြေတွင်တည်ရှိပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာမြောက် တန်ဖိုးကြီးမားသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ယခုကဲ့သို့ တန်ဖိုးရှိပြီး စီးပွားရေးအခွင့်အလမ်းများစွာ ရှိနေခြင်းကြောင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် နိုင်ငံတော်အနေဖြင့် ကျောက်ဖြူဒေသကို အထူးစီးပွားရေးဇုန်တစ်ခု ထူထောင်ရန် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွင်း တည်ဆောက်မည့် ရေနက်ဆိပ်ကမ်းစီမံကိန်းသည် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားစွာဖြင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေမည့် စီမံကိန်းကြီးတစ်ခုဖြစ်လာမည်ဟု ယုံကြည်ကြောင်း၊ စီမံကိန်းအတွက် အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သောသဘောတူစာချုပ် (Share-holders’ Agreement) နှင့် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) များကို ၂၀၂၀ ပြည့်နှစ်ကတည်းက ချုပ်ဆိုနိုင်ခဲ့ကြောင်း။

သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးနောက် ကိုဗစ်-၁၉ ရောဂါပျံ့နှံ့ခဲ့ခြင်း၊ မြန်မာဘက်က ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် CITIC ဘက်နှစ်ဖက် ညှိနှိုင်းဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်နေရခြင်းတို့ကြောင့် စီမံကိန်းစတင်အကောင်အထည်ဖော်နိုင်ရေး နှစ်နှစ်ကျော် နှောင့်နှေးနေခဲ့သည်ကို တွေ့ရကြောင်း။

ယခုအခါ ရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆောလျင်စွာ ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယခင်လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) အား ပိုမိုပြည့်စုံစေရန်နှင့် ပိုမိုရှင်းလင်းတိကျစွာ နားလည်သဘောပေါက်ရန် လိုအပ်သည့်အတွက် နောက်ဆက်တွဲစာချုပ် (Adde-ndum) ကို ယနေ့တွင် သဘောတူလက်မှတ်ရေးထိုးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းကြီးမှ မြန်မာနိုင်ငံအတွက် ကျောက်ဖြူဒေသအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကိုဖန်တီးပေးနိုင်ရုံသာမက မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကျောက်ဖြူစီမံကိန်းကြီးမှတစ်ဆင့် တောင်အာရှ၊ အနောက်အာရှ နှင့် အာဖရိကမှ တင်သွင်းမည့်ကုန်ပစ္စည်းများကို တရုတ်ပြည်မကြီးသို့ စင်္ကြံလမ်းကြောင်း အသုံးပြုပြီး သယ်ယူပို့ဆောင်ခြင်းဖြင့် အချိန်နှင့် ကုန်ကျစရိတ်များ အထူးသက်သာစေမည်ဖြစ်ကြောင်း။

### ကဏ္ဍပေါင်းစုံ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်

ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းသည် မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လာမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင်ပါဝင်သည့် ရေနက်ဆိပ်ကမ်းစီမံကိန်း တည်ဆောက်မှုနှင့်အတူ စက်မှုဥယျာဉ်စီမံကိန်းကိုပါ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဥယျာဉ်စီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိမည်ဖြစ်ကြောင်း၊ စီမံကိန်းကို အမြန်ဆုံးစတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ပြီး နှစ်နိုင်ငံ ပြည်သူများအကြား ကုန်သွယ်၊ စီးပွားဖွံ့ဖြိုးတိုးတက်၍ အေးချမ်းသာယာစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြရန် ဆန္ဒပြုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ CITIC Group ဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံတို့က ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

### လက်မှတ်ရေးထိုး

ယင်းနောက် ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ဖြည့်စွက်သည့် နောက်ဆက်တွဲစာချုပ် (Addendum) ကို ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ရွှေထွန်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက်ဒါရိုက်တာ Mr. Liang Chuanxin တို့က လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် Mr. Liang Chuanxin တို့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ စီမံကိန်းတွင် အပိုင်းလေးပိုင်းပါဝင်ပြီး သင်္ဘောများဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၁၀ ခုပါဝင်သည့် စီမံကိန်းဖြစ်ကြောင်း၊ *စာမျက်နှာ ၁၂ သို့*



**ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ရွှေထွန်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက် ဒါရိုက်တာ Mr.Liang Chuanxin တို့ လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ်လက်မှတ်ရေးထိုးစဉ်။**

စာမျက်နှာ ၁၁ မှ

အဆိုပါစီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် ပေ ၂၀ ကွန်တိန်နာ အလုံးရေ ခုနစ်သန်းခန့် လက်ခံထားနိုင်မည့် စီမံကိန်းဖြစ်ကြောင်း၊ အဓိကအားဖြင့် စီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံမှ ကုန်စည်များ အပါအဝင် မိမိနိုင်ငံကို ဖြတ်သန်းသွားမည့် ကုန်စည်များကို အာဖရိကနိုင်ငံများ၊ တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများကို တိုက်ရိုက်ပို့နိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်၌ တိုက်ရိုက်မတင်ပို့နိုင်ဘဲ စင်ကာပူနှင့် မလေးရှားတို့မှတစ်ဆင့် တင်ပို့နေရကြောင်း၊ စီမံကိန်းစတင်တည်ဆောက်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် ဆန်းစစ်ချက်နှင့်ပတ်သက်၍ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်၍ အဆိုပါလုပ်ငန်းစဉ် ရာခိုင်နှုန်းပြည့်ပြီးစီးအောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းစတင်အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့်အခြေခံအဆောက်အဦများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းကို မြန်မြန်စတင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နှစ်ဖက်စလုံး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်ဖြူဒေသခံပြည်သူများ၏ ဆန္ဒမှာလည်း စီမံကိန်းကို မြန်မြန်ဆန်ဆန်စတင်ရန် တောင်းဆိုချက်များလည်း ရှိကြောင်း၊ စီမံကိန်းသည် ကျောက်ဖြူဒေသအပါအဝင်

- ❖ **စီမံကိန်းကြီးမှ မြန်မာနိုင်ငံအတွက် ကျောက်ဖြူဒေသအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံသာမက မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပေးနိုင်**
- ❖ **မြန်မာ-တရုတ် နှစ်နိုင်ငံကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကျောက်ဖြူစီမံကိန်းကြီးမှတစ်ဆင့် တောင်အာရှ၊ အနောက်အာရှနှင့် အာဖရိကမှ တင်သွင်းမည့်ကုန်ပစ္စည်းများကို တရုတ်ပြည်မကြီးသို့ စကြံလမ်းကြောင်းအသုံးပြုပြီး သယ်ယူပို့ဆောင်ခြင်းဖြင့် အချိန်နှင့်ကုန်ကျစရိတ်များ အထူးသက်သာစေမည်ဖြစ်**
- ❖ **ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းနှင့် စက်မှုဥယျာဉ်စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိမည်**

ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရုံသာမက မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ - တရုတ် နှစ်နိုင်ငံကြား စီးပွားရေးနှင့်ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းပြီးစီးပါက မြန်မာနိုင်ငံ၏ ပထမဆုံးသော နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါဆိပ်ကမ်းသည် အာရှ၊ အာဖရိကနှင့် ဥရောပတိုက်ကြီးများနှင့် ဆက်သွယ်မည့် ကုန်သွယ်မှုအချက်အချာနေရာတစ်ခုဖြစ်လာနိုင်ပြီး ကမ္ဘာသို့ တံခါးပေါက်ကြီးအသွင်ဖြင့် မြန်မာနိုင်ငံနှင့် ဒေသတွင်း၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း ဆက်လက်အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး လက်မှတ်ရေးထိုးခြင်း အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း / အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ် ရုံးများသို့သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံအမှာစကားပြောကြားသည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ဦးလွင်ဦး၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ပရှိမြန်မာသံရုံး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**မိတ်ဆက်တင်ပြ**

အခမ်းအနားတွင် သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများက တစ်ဦးချင်းစီအနေဖြင့် ၎င်းတို့သွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို မိတ်ဆက် တင်ပြကြသည်။

**နိုင်ငံအကျိုးစီးပွားကိုဆောင်ရွက်**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ အားလုံးအတွက် ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကား ပြောကြားလိုကြောင်း၊ နိုင်ငံကိုယ်စားပြု သွားရောက်ရခြင်းဖြစ်သဖြင့် နိုင်ငံ့အကျိုးစီးပွားကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပတာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား (National Interest) ကို ကာကွယ်စောင့်ရှောက်ရန် သံတမန်များအနေဖြင့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာတွင် သစ္စာရှိရှိ၊ တာဝန်သိသိ ထမ်းဆောင်ရန် အရေးကြီးကြောင်း၊ သံတမန်အရည်အချင်းဖြစ်သော ကိုယ်စားပြုခြင်း (Representation) ကို အကောင်းဆုံးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း၊ မိမိနိုင်ငံ၏ ပကတိအခြေအနေများကို ရောက်ရှိနေသည့် နိုင်ငံအနေဖြင့် သိရှိအောင် ကြိုးစားလုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ အထင်အမြင် လွဲမှားမှုများမရှိအောင် ရှင်းလင်းပြောကြား ညှိနှိုင်းဆောင်ရွက်ရမည်မှာ သံတမန်များ၏ တာဝန်ဖြစ်ကြောင်း။

**ချစ်ခင်ရင်းနှီးအောင်လုပ်ဆောင်**

ထို့အပြင် သံတမန်တစ်ဦး လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လုပ်ငန်းစဉ်များ အားလုံးလေ့လာသိရှိထားပြီးဖြစ်သည့်အတွက် စွဲစွဲမြဲမြဲလေးစားလိုက်နာကြရန် လိုအပ်ကြောင်း၊ ကမ္ဘာကြီး၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုနှင့် မိမိနိုင်ငံ၏ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုကို အမြဲမပြတ်လေ့လာပြီး သင့်တင့်မျှတသည့် တုံ့ပြန်မှုမျိုးရရှိအောင် ကြိုးစား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ရာထူးကြီးငယ်မခွဲဘဲ မိမိလုပ်ဆောင်နိုင်သည့် စွမ်းရည်ကို အပြည့်အဝဖော်ထုတ်၍ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သံတမန်များအနေဖြင့် ရန်သူကို မိတ်ဆွေဖြစ်အောင်၊ မိတ်ဆွေကို ပို၍ချစ်ခင်ရင်းနှီးအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဇွဲစပ်ညှိနှိုင်းခြင်း (Negotiation) တွင် နိုင်ငံတကာဆက်ဆံရေးအတွေ့အကြုံကောင်းများကို ကိုးကားပြီး နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အသွေး တိုးတက်မြင့်မားအောင် လုပ်ဆောင်ရန်လည်း လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ရန် မှာကြားလိုကြောင်းနှင့် နိုင်ငံ့တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

သတင်းစဉ်

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်သမားနှင့် မြေစာပင်များ”** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် လွတ်လပ်ရေး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၇) မြို့နယ်မှ စည်ပင်သာယာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ကိုယ်ရေးအချက်အလက်များ ကောက်ယူ၍ e - ID စနစ်လုပ်ငန်း ဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမသို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ထမ်းများက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အောင်မြေသာစံ၊ ပုသိမ်ကြီး၊ အမရပူရစသည့် မြို့နယ် (၇) မြို့နယ်မှ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၂) ဖြင့် နိုင်ငံသား ကတ်ဆောင်ရွက်ပေးခြင်း၊ e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူခြင်းလုပ်ငန်း (One Stop Service) ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နိုင်ငံသားစိစစ်ရေးကတ်ရရှိသူတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်စဉ်။

**အခက်အခဲများဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချက်အလက်ကွဲလွဲနေမှုများရှိပါက စနစ်တကျစိစစ်၍ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးနှင့် ပြည်သူကိုထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရန် စီစဉ်ဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ တွေ့ကြုံရသည့်အခက်အခဲများကို မေးမြန်းဆွေးနွေးကာ Unique ID နံပါတ် ရရှိပြီးသူများအနေဖြင့် အခြားသော ဝန်ဆောင်မှုများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်သည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

**တစ်ပါတည်းဆောင်ရွက်ပေး**

အဆိုပါ အခမ်းအနားတွင် စည်ပင်သာယာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအနက် နိုင်ငံသားကတ်ပြား မရှိသေးသူများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးပြီး e-ID စနစ်အတွက် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) များ ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါတည်းဆောင်ရွက်ပေးပြီး နိုင်ငံသားကတ်ရှိပြီးသူများအား ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာ အချက်အလက် (Biometric) များ ကောက်ယူကာ e-ID စနစ်အတွက် ဂဏန်း (၁၀) လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို တစ်နေရာတည်းတွင် တစ်ပါတည်းဆောင်ရွက်ပေးခြင်းဖြစ်ရာ နိုင်ငံသားကတ်မရှိသေးသူ ၂၃၄ ဦးအား နိုင်ငံသားကတ်ထုတ်ပေးခဲ့ပြီး နိုင်ငံသားကတ်ရှိပြီးသူ ၈၀ နှင့်အတူ စုစုပေါင်း ၃၁၄ ဦးကို e-ID စနစ်ဆောင်ရွက်ပေး၍ Unique ID နံပါတ်များ ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

**လက်မှတ်ရေးထိုး**

ဆက်လက်၍ ပါမောက္ခချုပ်က သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ၊ ခန္ဓာသန်စွမ်းမှုနည်းပညာ၊ ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) ရရှိသူတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကာ ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသည်။

**ဘွဲ့များအပ်နှင်း**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် ၂၀၀၃ ခုနှစ်မှစတင်၍ ဘွဲ့နှင်းသဘင် အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပြီး သူနာပြုပါရဂူဘွဲ့၊ ဆေးပညာသင်ကြားရေး ဘွဲ့လွန်ဒီပလိုမာ၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့ (ပေါင်းကူး)၊ ဆေးဘက်ဆိုင်ရာ အသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ၊ အထူးကြပ်မတ်သူနာပြုစုမှုဒီပလိုမာ၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာ၊ သူနာပြုသိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ရရှိသူတို့ကို ဘွဲ့များအပ်နှင်းပေးအပ်သည်။

**ပညာသင်ကြား**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ရှိ စာပေသင်ကြားရေးဆိုင်ရာ အရာရှိများ နိုင်ငံတကာအဆင့်မီ အတတ်ပညာများရရှိရေးအတွက် ပြည်ပသင်တန်းများ တက်ရောက်စေလွှတ်ရာ သူနာပြုပါရဂူဘွဲ့နှင့် သူနာပြုမဟာသိပ္ပံဘွဲ့အတွက် ၁၉၉၈ ခုနှစ်၊ ၁၉၉၉ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်တို့တွင် ဩစတြေးလျနိုင်ငံ La Trobe တက္ကသိုလ်သို့လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် သူနာပြုပါရဂူဘွဲ့အတွက် ထိုင်းနိုင်ငံ Burapha University သို့လည်းကောင်း စေလွှတ်ပညာသင်ကြားစေခဲ့သည်။




**တက်ရောက်အောင်မြင်**

အလားတူ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်မှ သင်တန်းဆင်း အထက်တန်းသူနာပြုများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လက်တွေ့သူနာပြုစုမှု သင်တန်းသို့လည်းကောင်း၊ စင်ကာပူနိုင်ငံ National University Hospital တွင် နှလုံးရောဂါအထူးကြပ်မတ်ကုသမှု သင်တန်းသို့လည်းကောင်း၊ ထိုင်းနိုင်ငံ Ching Mai University နှင့် Mahidol University တို့တွင် သူနာပြုမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးမဟာသိပ္ပံဘွဲ့သင်တန်းများသို့လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ University of Airlangga Mulyorejo Surabaya တက္ကသိုလ်တွင် သူနာပြုမဟာသိပ္ပံဘွဲ့ သင်တန်းသို့လည်းကောင်း ပညာတော်သင်စေလွှတ်ကာ တက်ရောက်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့၌ လွယ်(ပလန်) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုခန်းမ ဖွင့်လှစ်



**ကျိုင်းတုံ ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ လွယ်(ပလန်)တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုခန်းမ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ လွယ်(ပလန်)တိုင်းရင်းသားအကြီးအကဲ ဦးဆမ်ယီနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓါတ်ပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လွယ်(ပလန်)တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုခန်းမ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က အမှာစကားပြောကြားပြီး အလှူငွေများပေးအပ်ကာ လွယ်(ပလန်) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုခန်းမဖြစ်မြောက်ရေး ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ထို့နောက် လွယ်(ပလန်) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းငွေအောင်က ကျေးဇူးတင်စကားပြောကြားပြီး လွယ်(ပလန်) တိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှုအကများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"ကို နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်လှူဒါန်းပူဇော် တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယ ဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သော ပထမဖောင်းရစ်ဧရိယာ (၃၄၈၅.၇၈) စတုရန်းပေအား ရွှေစင်ရွှေပြား ကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား(၁)ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ ကုန်ကျစရိတ်မှာ ၂၅,၀၀,၀၀၀/- (ကျပ် နှစ်ဆယ့်ငါးသိန်း တိတိ) ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းမှ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ဖြစ်စေ၊ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်န်းငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရန်လိပ်စာ**

(၁) ဦးမြင့်စိုး၊ အဖွဲ့ဝင်၊ နေပြည်တော် ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃

(၂) ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၀၉-၄၀၄၄၃၄၄၉၉

(၃) ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၁၃၅၆၉၈

(၄) ဦးတင်မောင်ကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၀၇၈၁၇၃

(၅) ဦးခင်မောင်ထွန်း၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၄၄၈၁၂၇၉၀၇

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ပဥ္စမနေ့ အမျိုးသား၊ အမျိုးသမီးဘော်လီဘော ဗိုလ်လုပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ အမျိုးသမီး ဘော်လီဘော ဗိုလ်လုပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှစတင်ပြီး နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C)ရုံ၌ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာ မိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ပညာရေးဒီဂရီ ကောလိပ်အသင်းများ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲတွင် ရန်ကုန်ဇုန်(က)အသင်းက ပထမ၊ မန္တလေးဇုန်(က) အသင်းက ဒုတိယ၊ မန္တလေးဇုန်(ခ)အသင်းက တတိယ၊ ရန်ကုန်ဇုန်(ခ) အသင်းက နှစ်သိမ့်ဆုများ ရရှိကြပြီး ပြိုင်ပွဲများအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆု၊ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့်အသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

အလားတူ အမျိုးသား ဘော်လီဘော ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြပြီး ဆုရရှိသည့်အသင်းများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နည်းပညာတက္ကသိုလ်(မန္တလေး)၊ မန္တလေးနည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်(မန္တလေး) သို့ သွားရောက်ကြည့်ရှု



**နေပြည်တော် ဒီဇင်ဘာ ၂၆**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့ ညနေပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ရှိ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ် (မန္တလေး) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး)တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံ၍ သင်ကြား/သင်ယူမှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ် (မန္တလေး)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဆရာဆရာမများအနေဖြင့် သင်ကြားသင်ယူရေးနှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ထိုးထွင်းကြံဆမှုနှင့် တီထွင်ဖန်တီးမှုလုပ်ငန်းများ စွမ်းဆောင်နိုင်သူများ ပေါ်ထွန်းလာစေရန် သတ်မှတ်အရည်အသွေးစံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများနှင့်လက်တွေ့ခန်းများတွင် သင်ကြားသင်ယူမှုဆောင်ရွက်နေကြသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးနည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်(မန္တလေး) သို့ ရောက်ရှိပြီး ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများအား သင်ကြားသင်ယူမှုများတွင် စာတွေ့လက်တွေ့များသာမက ကျွမ်းကျင်ပြီး အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးသွားကြရမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်းများ၊ စက်ပစ္စည်းများ၊ အားကစားကွင်း၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်နှင့် တက္ကသိုလ်ကန်တင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်များ၏ ဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာစေရေး၊ သင်ကြားသင်ယူမှုပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေးတို့ကို မှာကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသားများ၏ ဘောလုံးယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ရန်ကုန်တိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး နယ်မြေ မဲဆန္ဒရှင်ပြည်သူများ၏ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၄ ရက်မှ စတင်၍ ခရိုင်နယ်မြေများအလိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တိုက်ကြီးမြို့နယ် ရပ်/ကျေး ၄၈ ခုမှ ပြည်သူ ၅၁၈ ဦး၊ မြောက်ဥက္ကလာပမြို့နယ် ရပ်ကွက် ကိုးခုမှ ပြည်သူ ၄၉၀၊ ကော့မှူးမြို့နယ် ရပ်/ကျေး ၂၃ ခုမှ ပြည်သူ ၆၄၀၊ စမ်းချောင်းမြို့နယ် ရပ်ကွက် ၁၀ ခုမှ ပြည်သူ ၄၆၁ ဦး စုစုပေါင်း ပြည်သူ ၂၁၀၉ ဦး တက်ရောက်၍ လက်တွေ့စမ်းသပ် မဲပေးလေ့လာမှုများ ဆောင်ရွက်ကြသည်။

အဆိုပါ အီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းကို ဒီဇင်ဘာ ၂၇ ရက်တွင် တိုက်ကြီးမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် စမ်းချောင်းမြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမေရိကန်၌ ကိုဗစ် -၁၉ ကူးစက်မှုသစ်များ၏ ထက်ဝက်နီးပါးမှာ မျိုးကွဲ JN.1 ကြောင့်ဖြစ်

လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၂၆

**အမေရိကန်တွင် ကိုဗစ် -၁၉မျိုးကွဲသစ် JN.1 လျင်မြန်စွာကူးစက်ပျံ့နှံ့လျက်ရှိပြီး နိုင်ငံအတွင်း နောက်ထပ်ကူးစက်မှုများ၏ထက်ဝက်နီးပါးမှာ မျိုးကွဲသစ် JN.1 ကြောင့်ဖြစ်ကြောင်း အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ )၏ ထုတ်ပြန်ချက်အရ သိရသည်။**

JN.1 သည် လတ်တလောတွင် ကူးစက်မှုလျင်မြန်သည့်မျိုးကွဲဖြစ်နေပြီး နောက်ထပ် ကူးစက်မှုအသစ်များတွင် အဆိုပါမျိုးကွဲကူးစက်ခံရမှုမှာ ၄၄ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

ယခင်က ၂၁ ဒသမ ၄ ရာခိုင်နှုန်းသာရှိရာမှ ၄၄ ရာခိုင်နှုန်းအထိ တိုးလာခြင်းဖြစ်သည်။ နယူးဂျာစီနှင့် နယူးယောက်အပါအဝင် အရှေ့မြောက်ပိုင်းဒေသတို့တွင် JN.1 မှာ ကူးစက်မှုလျင်မြန်နေပြီး အဆိုပါဒေသတို့တွင် နောက်ထပ်ကူးစက်ခံရမှု ၇၅ ရာခိုင်နှုန်းမှာ JN.1 ကြောင့်ဖြစ်သည်။

JN.1 ကို အမေရိကန်ပြည်ထောင်စုတွင် ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်းက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ JN.1 သည် အခြားသော မျိုးကွဲများထက်ပို၍ ကူးစက်မှုလျင်မြန်သည်ဟု ယူဆရကြောင်း အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ် ရေးစင်တာကပြောသည်။

ဆင်ဟွာ



ဗာဂျီးနီးယားပြည်နယ် ရော်နယ်ရေဂင်ဝါရှင်တန် အမျိုးသားလေဆိပ်တွင် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားသည့် ခရီးသွားတစ်ဦးကို ၂၀၂၂ ခုနှစ် ဧပြီလအတွင်းက တွေ့ရစဉ်။

# ဆီးရီးယားတွင် အစ္စရေး၏ဒုံးကျည်တိုက်ခိုက်မှုကြောင့် တော်လှန်ရေးအစောင့်တပ်အကြီးတန်းအကြံပေး သေဆုံးကြောင်း အီရန်ပြော

**တီဟီရန် ဒီဇင်ဘာ ၂၆**

ဆီးရီးယားနိုင်ငံ၌ အစ္စရေး၏ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုအတွင်း ၎င်းတို့၏ တော်လှန်ရေးအစောင့်တပ် အကြီးတန်းအဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အီရန်က ပြောသည်။



တော်လှန်ရေး အစောင့်တပ်မှ ထုတ်ပြန်သော ကြေညာချက်တစ်စောင်ကို အီရန်နိုင်ငံပိုင်သတင်းမီဒီယာက ဒီဇင်ဘာ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။ အဆိုပါထုတ်ပြန်ချက်တွင် ဆေယက်ဒ်ရာဇီ မူဆာဗီဆိုသူသည် ဆီးရီးယားနိုင်ငံ၏မြို့တော် ဒမတ်စကတ်မြို့၏ ဆင်ခြေဖုံးတွင် အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် ၎င်းကို ဆီးရီးယားနိုင်ငံရှိ တော်လှန်ရေးအစောင့်တပ်၏ စစ်ဘက်ဆိုင်ရာ အကြီးတန်းအကြံပေးတစ်ဦးအဖြစ် ဖော်ပြခဲ့သည်။ အီရန်သမ္မတ အီဗရာဟင်ရိုင်စီက အဆိုပါ ဒုံးကျည်တိုက်ခိုက်မှုကို ဆိုးရွားသော လုပ်ရပ်ဖြစ်ကြောင်း ပြောသည်။ ထိုကဲ့သို့ တိုက်ခိုက်မှုအတွက် အစ္စရေးအနေဖြင့် ကျိန်းသေပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောသည်။

မူဆာဗီသည် အစ္စရေးနှင့် အမေရိကန်ကို ရန်လိုသော စစ်သွေးကြွများအား ထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် ၎င်းသည် တော်လှန်ရေးအစောင့်တပ် အထူးစစ်ဆင်ရေး၏ အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

ဆီးရီးယားနိုင်ငံ၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ၎င်းတို့၏ အဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း တော်လှန်ရေးအစောင့်တပ်က ယခုလအစောပိုင်းတွင် ပြောသည်။ အစ္စရေးနှင့် အီရန်တို့ကြား လက်တုံ့ပြန်မှုသံသရာသည် အရှေ့အလယ်ပိုင်းတွင် မတည်ငြိမ်မှုများ ပိုမိုဆိုးရွားလာမည့်အပေါ် စိုးရိမ်မှုမြင့်တက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# မလေးရှား၌ ရေဘေးကြောင့် လူပေါင်း ၉၀၀၀ ကျော် ဘေးလွတ်ရာပြောင်းရွှေ့

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၆**

မလေးရှားနိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးမှုကြောင့် ဒီဇင်ဘာ ၂၅ ရက်အထိ လူပေါင်း ၉၉၆၇ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။



ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်သူများကို ပြည်နယ်လေးခုရှိ ရေဘေးကယ်ဆယ်ရေးစင်တာ ၁၂၁ ခုတွင် နေရာချထားပေးခဲ့ကြောင်း မလေးရှားနိုင်ငံ၏ လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

ထို့ပြင် အသက် ၁၁ နှစ်အရွယ် မိန်းကလေးတစ်ဦး ရေနစ်ခဲ့ပြီး ကီလန်တာပြည်နယ်၌ ရေကြီးမှုကြောင့် အမျိုးသမီးတစ်ဦး ပျောက်ဆုံးခဲ့သည်ဟု သိရသည်။

အရှေ့မြောက် မုတ်သုံလေသည် ပုံမှန်အားဖြင့် အောက်တိုဘာလမှ မတ်လအထိ ရွာသွန်းပြီး အရှေ့မြောက်မုတ်သုံလေကြောင့် နိုင်ငံ မြောက်ပိုင်းပြည်နယ်များနှင့် အရှေ့ဘက်ကမ်းရိုးတန်းများတွင် လေပြင်းများ တိုက်ခတ်ကာ ပင်လယ်ပြင်တွင် လှိုင်းကြီးနိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။

**ဆင်ဟွာ**

# လကမ္ဘာပေါ်ဆင်းသက်မည့် ပထမဆုံးအာကာသယာဉ်ကို ဂျပန်လွှတ်တင်

**တိုကျို ဒီဇင်ဘာ ၂၆**

လကမ္ဘာပေါ်ဆင်းသက်မည့် ပထမဆုံး ဂျပန်အာကာသယာဉ်ကို လကမ္ဘာ၏ပတ်လမ်းပေါ်သို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ပြီဟု ဂျပန်အာကာသအေဂျင်စီ (ဂျာဆာ) က ကြေညာခဲ့သည်။

လကမ္ဘာစူးစမ်းလေ့လာရေးယာဉ် (Smart Lander for Investigation Moon-SLIM) မောင်းသူမဲ့ယာဉ်ကို စီစဉ်ထားသည့်အတိုင်း ဂျပန်စံတော်ချိန် ဒီဇင်ဘာ ၂၅ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် လ၏ပတ်လမ်းထဲသို့ လွှတ်တင်ခဲ့ကြောင်း ဂျပန်အာကာသ စူးစမ်းလေ့လာရေးအေဂျင်စီ (ဂျာဆာ) က ပြောသည်။

အဆိုပါယာဉ်သည် လတ်တလောတွင် ပုံမှန်အခြေအနေအတိုင်းရှိသည်။

အဆိုပါယာဉ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက် သန်းခေါင်ယံ ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် လကမ္ဘာပေါ်ဆင်းသက်နိုင်ရန် စီစဉ်ထားကြောင်း ဂျာဆာက ပြောသည်။

စီစဉ်ထားသည့်အတိုင်း လကမ္ဘာပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်မည်ဆိုလျှင် ဂျပန်နိုင်ငံသည် လကမ္ဘာပေါ်သို့ အာကာသယာဉ် အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည့် ပဉ္စမမြောက်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

လကမ္ဘာပေါ်သို့ အာကာသယာဉ်အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည့် နိုင်ငံများမှာ ယခင်ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများဖြစ်ကြသည်။

လစူးစမ်းလေ့လာရေးယာဉ် (ဆလင်း) သည် ရည်မှန်းထားသည့်နေရာမှ မီတာ ၁၀၀ အတွင်း ဆင်းသက်နိုင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ လကမ္ဘာပေါ်ဆင်းသက်နိုင်စွမ်းသည် ကျန်လေးနိုင်ငံ၏ ဆင်းသက်နိုင်စွမ်းထက် ၁၀ ဆ ပိုမိုတိကျမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



# တူကီယဲနိုင်ငံ၌ အထောက်အထားမဲ့ခိုးဝင်နေထိုင်သူပေါင်း ၄၆၀၀ နီးပါးကို ဖမ်းဆီးထိန်းသိမ်း

**အန်ကာရာ ဒီဇင်ဘာ ၂၆**

တူကီယဲနိုင်ငံသည် လူမှောင်ခိုကူးမှုတိုက်ဖျက်ရေးလှုပ်ရှားမှုအဖြစ် နိုင်ငံတစ်ဝန်း အထောက်အထားမဲ့ခိုးဝင်နေထိုင်သူပေါင်း ၄၅၈၆ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အလီ ယာလီကာရာက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောသည်။

Shield-4 ဟု အမည်ပေးထားသည့် စစ်ဆင်ရေးကို ပြည်နယ် ၃၇ ခုတွင်ပြုလုပ်ခဲ့ပြီး တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို လူမှောင်ခိုကူးပေးသည်ဟု သံသယရှိသူလူပေါင်း ၁၉၂ ဦးကို ဖမ်းဆီးမိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက လူမှုကွန်ရက်မီဒီယာပလက်ဖောင်းမှတစ်ဆင့် ပြောကြားခဲ့သည်။

တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ၏ လမ်းကြောင်းအဖြစ် ပစ်မှတ်ထားနေသော လူမှောင်ခိုကူးသူများကို အခွင့်အရေးပေးမည်မဟုတ်ကြောင်း တစ်ဦးချင်းစီ ဖမ်းဆီးကာ အရေးယူသွားမည်ဟု ၎င်းက ဆက်ပြောသည်။

တူကီယဲနိုင်ငံသည် လတ်တလောတွင် ဒုက္ခသည်ပေါင်းလေးသန်းကို လက်ခံထားသည်။ တူကီယဲနိုင်ငံသည် ရွှေ့ပြောင်းနေထိုင်သူများ ဥရောပသို့ဝင်ရောက်ရန်အတွက် အဓိကလမ်းကြောင်းသဖွယ် ဖြစ်နေဆဲဖြစ်သည်။

**ဆင်ဟွာ**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ဆယ်စုနှစ် ခုနှစ်စုအလွန် နှစ်ပေါင်း ၇၀ ကျော်ကြာပြီးနောက်

မောင်ကမ္ဘာ

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် မြန်မာအပါအဝင် နိုင်ငံအများအပြားသည် ကိုလိုနီနယ်ချဲ့ လက်အောက်မှလွတ်မြောက်ပြီး ထွန်းသစ်စနိုင်ငံများအဖြစ် ပေါ်ထွန်းလာခဲ့ကြသည်။

၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့အကုန် ဩဂုတ်လ ၁၅ ရက်နေ့အကူး သန်းခေါင်ယံအချိန်တွင် အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး ဂျဝါဟာလာ နေရူးက နယူးဒေလီမြို့တော်ရှိ ပါလီမန်လွှတ်တော် အဆောက်အအုံ ဗဟိုခန်းမကြီးမှတစ်ဆင့် ပြောကြားခဲ့သည့် **“သန်းခေါင်အချိန် လူ့လောကတစ်ခွင်လုံး အိပ်မောကျနေစဉ် အိန္ဒိယပြည်သည် အသက်ဝင်လှုပ်ရှားကာ လွတ်လပ်ရေး ပန်းတိုင်အရောက် ချီတက်ပေတော့မည်။ အဟောင်းမှအသစ်သို့လည်းကောင်း၊ အဖိနှိပ်ခံဘဝမှ လွတ်လပ်ခြင်းသို့လည်းကောင်း ကူးပြောင်းပေတော့မည်။ ကျွန်ုပ်တို့သည် နှစ်ပေါင်းများစွာ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြရာ ယခုကျွန်ုပ်တို့ကြိုးပမ်းချက်မှာ အကောင်အထည်ပေါ်လာပြီဖြစ်သည်”** ဟူသည့် ဥဒါန်းတွင်ရစ်စေမည့် လွတ်လပ်ရေးမိန့်ခွန်းနှင့်အတူ အိန္ဒိယသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် မွေးဖွားလာသည်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် အိန္ဒိယခေါင်းဆောင်ကြီး နေရူးတို့ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလက အိန္ဒိယနိုင်ငံ ကရာချိမြို့ (နောင် ပါကစ္စတန်နိုင်ငံမြို့တော်)၌ တွေ့ရစဉ်။

အိန္ဒိယခေါင်းဆောင်ကြီးနေရူးက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို အိန္ဒိယက မြန်မာထက်စောစွာ လွတ်လပ်ရေးရမည်ဟူသည့် သုံးသပ်ပြောကြားချက်အတိုင်း အိန္ဒိယသည် မြန်မာထက် စောစီးစွာ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ယူသွားနိုင်ခဲ့ခြင်းဖြစ်သည်။

## လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်

မြန်မာက ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်၊ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့အတွင်းဝန်ရုံးရှိ တိုင်းပြုပြည်ပြုလွှတ်တော်၌ ကျင်းပသည့် လွတ်လပ်ရေးအောင်ပွဲအခမ်းအနား၊ အလံတင် အခမ်းအနား၊ လွတ်သဘင် အခမ်းအနားတို့နှင့်အတူ ဝန်ကြီးချုပ်ဦးနု၏ လွတ်လပ်ရေးကြေညာစာတမ်းဖြင့် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီက ဂျပန်နှင့်ပြိုင်ဘက် ကူမင်တန်တပ်များကို တိုက်ထုတ်အောင်ပွဲခံပြီးနောက် ၁၉၄၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဥက္ကဋ္ဌကြီးမော်စီတုန်းက ထျန်းအန်းမင်ရင်ပြင်ထက်မှ သိန်းနှင့်ချီသော ပြည်သူများအား **“တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကြီး၏ ဗဟိုအစိုးရကို ယခုတည်ထောင်လိုက်ပါပြီ။ ကျွန်တော်တို့ တရုတ်ပြည်သူတွေ ကိုယ့်ခြေထောက်ပေါ်ကိုယ် မတ်မတ်ရပ်နိုင်ခဲ့ပြီ”**စသည်ဖြင့် မြွက်ကြားကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသစ်ကို စတင်ထူထောင်ခဲ့သည်။

ယနေ့မျက်မှောက်ကာလဆိုလျှင် အိန္ဒိယသမ္မတနိုင်ငံ၏ လွတ်လပ်ရေးသည် ၇၆ နှစ်ကျော် ၇၇ နှစ်အတွင်း ရောက်ရှိလာခဲ့ပြီး မြန်မာက ယခု ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၆) နှစ်ပြည့် မြောက်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးက လာမည့် အောက်တိုဘာလ ၁ ရက်နေ့တွင် စိန်ရတု (၇၅) နှစ်ပြည့် မြောက်မည်ဖြစ်သည်။

## အခက်အခဲ အကျပ်အတည်းပေါင်းစုံ ရင်ဆိုင်ကြုံတွေ့ခဲ့ကြရ

အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ စပိန်စသည့် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်မှလွတ်မြောက်စ ထွန်းသစ်စနိုင်ငံများနည်းတူ မြန်မာ၊ တရုတ်၊ အိန္ဒိယ နိုင်ငံတို့သည်လည်း လွတ်လပ်ရေးရပြီးနောက် အခက်အခဲ အကျပ်အတည်းပေါင်းစုံဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပါသည်။

မားသားအိန္ဒိယမှ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများနှင့်အတူ အိန္ဒိယ-ပါကစ္စတန် ဟူ၍ နှစ်ပိုင်းကွဲသွားခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးက လက်ဝဲစွန်း၊ လက်ယာစွန်းဂိုဏ်းဂဏ ပဋိပက္ခများ၊ ခုန်ပျံကျော်လွှား စီးပွားရေး အမှားများ၊ ယဉ်ကျေးမှုတော်လှန်ရေး လှုပ်ရှားမှုများဖြင့် လုံးလည်ချာလည်လိုက်ကာ ဆင်းရဲမွဲတေမှုများ၊ ငတ်မွတ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

သို့ရာတွင် တရုတ်နှင့် အိန္ဒိယတို့သည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေများ၊ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်ဟု အတိတ်ကို လက်ညှိုးမထိုးခဲ့ကြပါ။ တရုတ်ပြည် ပြုပြင်ပြောင်းလဲရေးခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က **“မော်စီတုန်းရဲ့ စွမ်းဆောင်အောင်မြင်ချက်တွေဟာ ပထမနေရာမှာရှိပြီးသူရဲ့ အမှားတွေဟာ ဒုတိယနေရာမှာသာ ထားရမှာပါ။ သူဟာ တရုတ်ကွန်မြူနစ်ပါတီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို အဓိကထူထောင်ခဲ့သူဖြစ်တယ်။ တရုတ်ပြည်သူတွေအတွက် သူလုပ်ဆောင်ခဲ့တဲ့ ကိစ္စတွေကို ချေဖျက်ပစ်လို့ မဖြစ်နိုင်ပါဘူး။ သူဟာ ပါတီနဲ့ နိုင်ငံတော်ကို အကျပ်အတည်းများ အတွင်းမှာ အကြိမ်ပေါင်းများစွာ ကယ်တင်ခဲ့ပါတယ်။ ဥက္ကဋ္ဌမော်သာ မရှိရင် ကျွန်တော်တို့ တရုတ်ပြည်သူတွေဟာ အမှောင်ထုအတွင်း အချိန်ကြာကြာ စမ်းတဝါးဝါးနဲ့ လျှောက်လှမ်းနေရဦးမှာပါ”** ဟု ၁၉၈၀ ပြည့်နှစ် နှစ်လယ်ကာလတွင် အီတလီ သတင်းထောက်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ပါသည်။

## အမှားများကို သင်ခန်းစာရယူခဲ့

ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လျှောက်လှမ်းခဲ့သည့် ခရီးလမ်းအတွင်းမှ အမှားများကို အမှန်၏ ရှေ့တော်ပြေးအဖြစ် သင်ခန်းစာရယူခဲ့ပြန်ပါသည်။ တိန့်ရှောင်ဖိန်က မဟာယဉ်ကျေးမှုတော်လှန်ရေးနှင့် ပတ်သက်၍လည်း **“ဆန့်ကျင်ဘက်သင်ခန်းစာပေးခဲ့ပါသေးတယ်။ မဟာယဉ်ကျေးမှုတော်လှန်ရေးရဲ့သင်ခန်းစာမရှိခဲ့ရင် (၁၁) ကြိမ် ဗဟိုကော်မတီ၊ တတိယစုံညီ အစည်းအဝေးအတွင်းမှာ အတွေးအခေါ်၊ နိုင်ငံရေး၊ စည်းရုံးရေးလမ်းစဉ်နဲ့ တသီတတန်းကြီးသော ပေါ်လစီတွေ ရေးဆွဲချမှတ်နိုင်မှာ မဟုတ်ပါဘူး။ မဟာယဉ်ကျေးမှုတော်လှန်ရေးဟာ ကျွန်တော်တို့ရဲ့ ဥစ္စာနေတွေ ဖြစ်လာခဲ့တယ်”** ဟု ဆိုခဲ့သည်။

ထို့နောက် မော်ခေတ်(၁၉၄၉-၁၉၇၆)အလွန်မှစ၍ တိန့်ရှောင်ဖိန်သည် အနောက်ပုံစံ ဒီမိုကရေစီကသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်သည်မဟုတ်၊ ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုဖြင့် တရုတ်ပြည်ကြီးကလည်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ကြောင်းကို အလုပ်ဖြင့်သက်သေပြခဲ့သည်။

မဟာယဉ်ကျေးမှုတော်လှန်ရေး အဆုံးသတ်သွားပြီးနောက် နှစ်ပေါင်းများစွာ တံခါးပိတ်ထားခဲ့သော နိုင်ငံတော်ကို တံခါးဖွင့်လိုက်သည်။ ပင်လယ်ရပ်ခြားရောက် တရုတ်အမျိုးသားများ၏ ရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြား အရင်းအနှီးများကို ဆွဲဆောင်ရေးအတွက် အမျိုးမျိုးသော ဦးစားပေးမှု ပေါ်လစီများကို ရေးဆွဲချမှတ်ခဲ့သည်။ တံခါးဖွင့်ပြုပြင်ပြောင်းလဲရေးနှင့်အတူ ခေတ်မီရေး လေးရပ်ကို အကောင်အထည်ဖော်ခဲ့သည်။ ပညာရေးနှင့် စီးပွားရေးကဏ္ဍတွင် အစွဲကင်းကင်းနှင့် ခြေလှမ်းကျယ်ကျယ် လှမ်းခဲ့သည်။ ပညာရေးကဏ္ဍတွင် ကြီးစွာသော ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ခဲ့သည်။ တရုတ်ပညာတော်သင်ကျောင်းသား အများအပြားကို အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်များသို့ စေလွှတ်သင်ယူစေခဲ့သည်။ ဤသို့ဖြင့် တိန့်ခေတ် (၁၉၇၆-၁၉၉၀) ကာလတွင် တရုတ်ပြည်ကြီးသည် တစ်မုဟုတ်ချင်း များစွာပြောင်းလဲတိုးတက်လာခဲ့သည်။

မျက်မှောက်ကာလတွင်လည်း သမ္မတကြီး ရှီကျင့်ဖျင်၏ ဦးဆောင်မှုဖြင့် လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ချမ်းသာကြွယ်ဝသော လမ်းကြောင်းဆီသို့ ဦးတည်လျှောက်လှမ်းလျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနည်းတူ အိမ်နီးချင်း အိန္ဒိယသမ္မတနိုင်ငံသည်လည်း ကြုံတွေ့ခဲ့ရသော ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများကို ကမ္ဘာ့သက်တမ်းရင့် ဒီမိုကရေစီနိုင်ငံကြီးပီပီ မတူကွဲပြားခြားနားမှုများထဲမှ တူညီမှုများကို ရှာဖွေဖော်ထုတ်ကာ အင်အားကြီးနိုင်ငံကြီးအဖြစ် တည်ဆောက်ရယူနိုင်ခဲ့သည်။

## ပညာရေးကဏ္ဍတွင် ပုံအောရင်းနှီးမြှုပ်နှံ

တရုတ်ပြည်နည်းတူ အိန္ဒိယတို့သည်လည်း ပညာရေးကဏ္ဍတွင် ပုံအောရင်းနှီးမြှုပ်နှံမှုပြုခဲ့ကြသည်။ ၁၉၉၀ ကျော်လွန် ၂၀၀၀ ပြည့်နှစ်များအတွင်း အမေရိကန်တက္ကသိုလ်များရှိ နိုင်ငံခြားကျောင်းသားအရေအတွက်တွင် အိန္ဒိယက ထိပ်ဆုံးမှာရှိပြီး တရုတ်က ဒုတိယလိုက်သည်။

ရလဒ်အားဖြင့် အိန္ဒိယနိုင်ငံ မြို့ကြီးတော်တော်များရှိ ယခင်က ဖုန်တထောင်းထောင်းထနေသော ဆင်ခြေဖုံးများတွင် အိုင်တီပတ်(I.T Park) များ၊ အိုင်တီကုမ္ပဏီကြီးများ အပြိုင်းအရိုင်း ထွက်ပေါ်လာသည်။ အမေရိကန် ဘဏ်လုပ်ငန်းများတွင် အိန္ဒိယ အိုင်တီကျွမ်းကျင်သူများ အစားထိုးဝင်ရောက်လာသည်။ အမေရိကန် အိုင်တီကျွမ်းကျင်သူတစ်ဦး၏ တစ်နာရီလုပ်ခမှာ ဒေါ်လာ ၁၀၀ နှုန်းဖြစ်ပြီး အိန္ဒိယ အိုင်တီကျွမ်းကျင်သူတစ်ဦး၏ တစ်နာရီလုပ်ခမှာ ဒေါ်လာ ၂၀ မျှဖြစ်၍ အိန္ဒိယမှအိုင်တီကျွမ်းကျင်သူများကို တွင်တွင်ကျယ်ကျယ် ငှားရမ်းအသုံးပြုလာခြင်းဖြစ်သည်။ အိန္ဒိယ၏ ဆော့ဖ်ဝဲလုပ်ငန်းများလည်း အံ့မခန်းတိုးတက်လာသည်။ အဝေးရောက် အိန္ဒိယပညာရှင်များ၊ နိုင်ငံရပ်ခြားမှ အိန္ဒိယအမျိုးသားစွန့်ဦးတီထွင်သူများ၏ ကျေးဇူးမကင်းဟု ဆိုကြသည်။ အိန္ဒိယနှင့် တရုတ်တို့၏ အားသာချက်မှာ ပညာရေးရင်းနှီးမြှုပ်နှံမှုဟု ဆိုနိုင်ပါသည်။

## ယနေ့တိုင် ရုန်းကန်နေရဆဲ

အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့် မရှေးမနှောင်း ရှေ့ဆင့်နောက်ဆင့် လွတ်လပ်ရေးရယူခဲ့သည့်

*စာမျက်နှာ ၁၇ သို့*

- **တကယ်တော့ လွတ်လပ်ရေးဟူသည် ပြီးပြည့်စုံသော ပန်းတိုင်မဟုတ်ပါ၊ မိမိတို့ တိုင်းပြည်အကျိုးရှိရာ ရှိကြောင်းအတွက် ဆောင်ရွက်နိုင်စေရန် အခြေအနေကောင်းတစ်ခုသာ ဖြစ်ပေသည်။ ဆိုခဲ့ပါ နိုင်ငံများသည် လွတ်လပ်ရေးတည်းဟူသော ထိုအခြေအနေကောင်းမှတစ်ဆင့် အမျိုးသားအကျိုးစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်သို့ မမိုတ်မသုန်ဆက်လက်လျှောက်လမ်းခဲ့ကြသည်။ အတိတ်မှာပင် ရပ်မနေခဲ့ကြ၊ အတိတ်၏ အကျဉ်းသားအဖြစ်မှ ရုန်းထွက်ခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရာတွင်လည်း ကြုံတွေ့ရသည့် အခက်အခဲ အတားအဆီးများအပေါ် ကိုလိုနီနယ်ချဲ့ကြောင့်၊ ဘယ်သူကြောင့် ဘယ်ဝါကြောင့်ဟူ၍ အတိတ်ကို ပြန်ပြောင်းလက်ညှိုးထိုး၍ တရားခံမရှာခဲ့ကြပါ။ အတိတ်က အမှားအယွင်းများကို သင်ခန်းစာအဖြစ်သာရယူကာ ပြင်ဆင်လျှောက်လှမ်းခဲ့ကြပါသည်**

*စာမျက်နှာ ၁၆ မှ*

မြန်မာနိုင်ငံအနေဖြင့်မူ နှစ်ပေါင်း ၇၀ ကျော်ကြာ စွဲကပ်လာခဲ့သော ပဋိပက္ခများနှင့်အတူ ယနေ့တိုင် ရုန်းကန်နေရဆဲပင်။

**"လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ သိပ်မမိုက်ဘဲ တစ်ဦးနှင့်တစ်ဦး ညီညီညွတ်ညွတ်လုပ်ကြဖို့တော့ လိုတယ်။ ဒီလိုမှ မလုပ်ရင် လွတ်လပ်တဲ့ ဗမာပြည်ဟာ လွတ်လပ်တဲ့ အရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာမဟုတ်ဘူး"** ဟူသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သတိပေးခဲ့သည့်အတိုင်း လက်နက်ကိုင်ပဋိပက္ခများကြားတွင်သာ ချာချာလည်ကာ အိန္ဒိယ၊ တရုတ်နိုင်ငံကြီးများကို မဆိုထားဘိ ဒေသတွင်းနိုင်ငံများကြားတွင်ပါ ဖွံ့ဖြိုးတိုးတက်မှု အတော့်ကို နောက်ကျကျန်ရစ်ခဲ့သည်။

မြန်မာနိုင်ငံထက် ဆိုးရွားစွာ စစ်ဘေးဒဏ်ခံခဲ့ရသည့် ဗီယက်နမ်နိုင်ငံသည်ပင်လျှင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်တွင် အာရှ၏ စီးပွားရေးစွမ်းဆောင်ရည် အကောင်းဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံရသည်အထိ ဖွံ့ဖြိုးတိုးတက်လာသည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လုပ်အားခဈေးချိုခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား စသည့် နိုင်ငံ၏ အခြေခံအဆောက်အအုံ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ယခုနှစ်ပိုင်းအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)များလည်း အလုံးအရင်း စီးဝင်ဝင်ရောက်လျက်ရှိသည်။

ဗီယက်နမ်နည်းတူ စစ်မီးဟုန်းဟုန်း တောက်လောင်၍ ပြာကျခဲ့သော ကိုရီးယားသမ္မတနိုင်ငံသည်လည်း ၁၉၆၁ ခုနှစ်တွင် သမ္မတဖြစ်လာသော ပတ်ချုံဟီး၏ အာဏာရှင်ဆန်ဆန် အုပ်ချုပ်မှုအောက်တွင် စီးပွားရေးစွမ်းဆောင်ရည်များ အရှိန်အဟုန်ဖြင့် စတင်တိုးတက်လာခဲ့သည်။ ပတ်ချုံဟီးသည် သမ္မတအဖြစ် အုပ်ချုပ်ခဲ့သည့် ၁၈ နှစ်ကာလတစ်လျှောက်လုံး ကိုရီးယားနိုင်ငံကို စီးပွားရေးအရ တောင့်တင်းခိုင်မာသော နိုင်ငံတစ်နိုင်ငံဖြစ်လာရေးဟူသည့် ရည်မှန်းချက်တစ်ခုသာ ထားရှိခဲ့သည်။

ထိုရည်မှန်းချက်ဖြင့် နိုင်ငံ၏ ပညာရေး၊ နည်းပညာနှင့်ကျွမ်းကျင် လုပ်သားများပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ဘဏ္ဍာကို ပုံအော၍ သုံးစွဲခဲ့သည်။ သမ္မတပတ်ချုံဟီးနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများသည် အနာဂတ်မျိုးဆက်သစ်များ ကောင်းစားရေးအတွက် စွန့်လွှတ်ပေးဆပ်ခဲ့ကြသည်။ ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံသည်လည်း ကမ္ဘာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

### လွတ်လပ်ရေးဟူသည် ပြီးပြည့်စုံသော ပန်းတိုင်မဟုတ်

တကယ်တော့ လွတ်လပ်ရေးဟူသည် ပြီးပြည့်စုံသော ပန်းတိုင် မဟုတ်ပါ၊ မိမိတို့ တိုင်းပြည်အကျိုးရှိရာ ရှိကြောင်းအတွက် ဆောင်ရွက်နိုင်စေရန် အခြေအနေကောင်းတစ်ခုသာ ဖြစ်ပေသည်။ ဆိုခဲ့ပါနိုင်ငံများသည် လွတ်လပ်ရေးတည်းဟူသော ထိုအခြေအနေကောင်းမှတစ်ဆင့် အမျိုးသားအကျိုး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ မမှိတ်မသုန်ဆက်လက် လျှောက်လှမ်းခဲ့ကြသည်။ အတိတ်မှာပင် ရပ်မနေခဲ့ကြ၊ အတိတ်၏ အကျဉ်းသားအဖြစ်မှ ရုန်းထွက်ခဲ့ကြသည်။ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရာတွင်လည်း ကြုံတွေ့ရသည့် အခက်အခဲ အတားအဆီးများအပေါ် ကိုလိုနီနယ်ချဲ့ကြောင့်၊ ဘယ်သူကြောင့် ဘယ်ဝါကြောင့်ဟူ၍ အတိတ်ကို ပြန်ပြောင်းလက်ညှိုးထိုး၍ တရားခံ မရှာခဲ့ကြပါ။ အတိတ်က အမှားအယွင်းများကို သင်ခန်းစာအဖြစ်သာရယူကာ ပြင်ဆင်လျှောက်လှမ်းခဲ့ကြပါသည်။

**○ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများနှင့်အတူ အိန္ဒိယ-ပါကစ္စတန် ဟူ၍ နှစ်ပိုင်းကွဲသွားခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကြီးက လက်ဝဲစွန်း၊ လက်ယာစွန်းဂိုဏ်းဂဏ ပဋိပက္ခများ၊ ခုန်ပျံကျော်လွှား စီးပွားရေးအမှားများ၊ ယဉ်ကျေးမှုတော်လှန်ရေး လှုပ်ရှားမှုများဖြင့် လုံးလည်ချာလည်လိုက်ကာ ဆင်းရဲမွဲတေမှုများ၊ ငတ်မွတ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ သို့ရာတွင် တရုတ်နှင့် အိန္ဒိယတို့သည် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေများ၊ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့်ဟု အတိတ်ကို လက်ညှိုးမထိုးခဲ့ကြပါ**

မြန်မာနိုင်ငံအနေဖြင့်လည်း အတိတ်က အမှားအယွင်းများကို သမိုင်းသင်ခန်းစာအဖြစ် ရယူကာ ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တစ်မျိုးသားလုံး စုစည်းညီညွတ်မှုအားမာန်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အငြိမ်းစားဝန်ထမ်းများအားစားသောက်ကုန်ပစ္စည်းများထောက်ပံ့ပေးအပ်

**ဘားအံ ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစား ပင်စင်လစာငွေများကို လစဉ် ၂၁ ရက်မှစ၍ ပုံမှန်ထုတ်ပေးလျက်ရှိရာ ယနေ့နံနက်က ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ပင်စင်လစာ ထုတ်ယူနေကြသည့် အငြိမ်းစား ဝန်ထမ်းများကို ဆန်၊ ဆီ အစရှိသော စားသောက်ကုန် ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများကို ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ပင်စင်လစာ ထုတ်ယူနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ထမ်းများ၏ ဝန်ဆောင်မှုပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပင်စင်လစာထုတ်ယူနေကြသော အငြိမ်းစားဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားကာ တစ်ဦးလျှင် ဆန်လေးပြည်၊ ဆီတစ်လီတာ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး အားပေးစကားများပြောကြားသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



## ထားဝယ်မြို့၌ လွတ်လပ်ရေးနေ့အခမ်းအနားကို ပြပွဲ၊ ပြိုင်ပွဲများဖြင့် စည်ကားစွာကျင်းပမည်

**ထားဝယ် ဒီဇင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး၌ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် အထိမ်းအမှတ်ပြခန်းများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက်က ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး လူမှုရေးရာဝန်ကြီးရုံးခန်း၌ ပြုလုပ်သည်။ အစည်းအဝေးတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်က အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီဝင်များက ပြခန်းအတွင်းခင်းကျင်းပြသမည့် ဌာနဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များ၊ ဒေသထွက်ကုန်များ၊ ပစ္စည်းများအပြင် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများ ထည့်သွင်းပြုလုပ်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများတွင် ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှု ပြကွက်များနှင့် လုပ်ငန်းများ၊ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသော ဒေသထွက်ကုန်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများနှင့် တူရိယာပစ္စည်းများကို ပြခန်း ၁၃ ခန်းတွင် ခင်းကျင်းပြသပေးမည့်အပြင် လာရောက်ကြည့်ရှုသော ပြည်သူများအား ကျန်းမာရေးဌာနပြခန်းက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လာမည့် ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက် ညပိုင်းတို့တွင် ဖျော်ဖြေရေးအစီအစဉ်များ ပါရှိမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၂-၂၀၂၃ ကျပ်/လီတာ

| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၀ | ၂၅၂၂ |
| 95 Ron | ၂၅၃၉ | ၂၆၂၃ |
| HSD (500 ppm) | ၂၂၉၄ | ၂၃၇၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၇ |
| HSD (10 ppm) | ၂၃၅၇ | ၂၄၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူနိုင်ခြင်းမှသည် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးမှုဆီ တက်လှမ်းချီ ...

**နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ဘဲ စသည့် တိရစ္ဆာန်များသည် နိုင်ငံအတွင်း မွေးမြူမှုများ၍ စားသုံးမှုလည်းများသော မွေးမြူရေးတိရစ္ဆာန်များဖြစ်သည်။ မွေးမြူရေးလုပ်ငန်းသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝအတွက် အခြေခံဝင်ငွေရရှိနိုင်သော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ပြည်တွင်းစားသုံးမှုဖူလုံရုံမျှမက ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိနိုင်သော လုပ်ငန်းလည်းဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများအတွက် ဈေးကွက်အလားအလာကောင်းများစွာ ရှိနေသော်လည်း မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုးချဲ့လုပ်ကိုင်လာရေးတို့အတွက်လည်း ဆောင်ရွက်ရန် များစွာရှိနေသည်။**

နှင်းယု

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံစာရင်းဇယား ကိန်းဂဏန်းများ မှန်ကန်စွာ သိရှိမှသာ ပြည်တွင်းစားသုံးမှုအတွက် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော အသားထုတ်လုပ်မှု၊ ဈေးကွက်လိုအပ်ချက်များနှင့်အညီ မွေးမြူထုတ်လုပ်နိုင်မှု၊ မွေးမြူရေးကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

"တိရစ္ဆာန်ကောင်ရေစာရင်းဆိုတာ နိုင်ငံအတွက် အင်မတန်အရေးကြီးပါတယ်။ မွေးမြူရေးကဏ္ဍ တိုးတက်ဖို့၊ နိုင်ငံတော်ရဲ့ လိုအပ်ချက်၊ ဈေးကွက်လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ မွေးမြူရေးတိရစ္ဆာန်များ ထုတ်လုပ်နိုင်ဖို့အတွက် စီမံကိန်းတွေရေးဆွဲတဲ့ နေရာမှာ မွေးမြူရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေ မြေပြင်နဲ့ အနီးစပ်ဆုံးရှိမှ ထိရောက်အကျိုးရှိမှာ ဖြစ်ပါတယ်။ ဒါမှသာ ဘယ်လို မွေးမြူရေးတိရစ္ဆာန်အမျိုးအစားကို ဘယ်လောက်မွေးမြူထုတ်လုပ်ရမယ်၊ နိုင်ငံခြားကို Export တင်ပို့တဲ့အချိန်မှာ ဘယ်လောက် ခွင့်ပြုနိုင်မယ်ဆိုတာတွေ သိရှိနိုင်မှာပါ" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောကြားသည်။

**နှစ်လတာ သတ်မှတ်ကောက်ယူလျက်ရှိ**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ နှစ်လတာ သတ်မှတ် ကောက်ယူလျက်ရှိသည်။

"နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၃ ခုက မြို့နယ် ၂၁၅ မြို့နယ်က ကျေးရွာအုပ်စု၊ ရပ်ကွက်တွေရဲ့ ၂၀ ရာခိုင်နှုန်းကို ကွက်ပြည့်ကောက်ယူမယ်။ ပြီးတော့ စီးပွားဖြစ် မွေးမြူရေးခြံတွေကို ရာခိုင်နှုန်းပြည့်စာရင်း ကောက်ယူသွားမယ်ဆိုပြီး ကျွန်မတို့ ဌာနအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေတာပါ။ ဒါပေမယ့် မြို့နယ် ၂၁၅ မြို့နယ်ထဲက တချို့နေရာတွေမှာ အကြောင်းအမျိုးမျိုးကြောင့် မဆောင်ရွက်နိုင်တာလည်း ရှိပါတယ်။ လာမယ့် ဒီဇင်ဘာ ၃၁ ရက်ဆိုရင်တော့ အခြေခံစာရင်းကောက်ယူတဲ့လုပ်ငန်း ပြီးစီးတော့မှာဖြစ်ပါတယ်" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာနှင်းသီတာမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၁၉၇၉-၁၉၈၀ ပြည့်နှစ်မှ ၁၉၉၃-၁၉၉၄ ခုနှစ်အထိ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက နှစ်စဉ်ဆောင်ရွက်ခဲ့ပြီး ယင်းနောက်ပိုင်းတွင် မြေပြင်ကွင်းဆင်းကောက်ယူခြင်း မပြုတော့ဘဲ စာရင်းကိန်းဂဏန်း တွက်ချက်နည်းဖြင့်သာ ပြုစုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**အခြေခံကိန်းဂဏန်းများ ပြန်လည်တည့်မတ်နိုင်ရေး**

နိုင်ငံအတွင်းရှိ မွေးမြူရေးတိရစ္ဆာန်များ၏ ကောင်ရေ အတိုးအလျော့ အပြောင်းအလဲများသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသဖြင့် မွေးမြူရေးတိရစ္ဆာန်များ၏ ကောင်ရေစာရင်းဇယားများကို မြေပြင်အခြေအနေနှင့် အနီးစပ်ဆုံးမှန်ကန်စွာ ရရှိနိုင်ရေးနှင့် အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံကိန်းဂဏန်းများ ပြန်လည်တည့်မတ်နိုင်ရေးကို ရည်ရွယ်၍ ၂၀၁၈ ခုနှစ်တွင် ပထမအကြိမ် စာရင်းကောက်ယူခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၈၅ မြို့နယ်တွင် စတင်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပထမအကြိမ် ကောက်ယူရာ၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်အတူ FAO-LIFT စီမံကိန်းမှ ပါဝင်ကူညီကာ စီမံချက်ရေးဆွဲခြင်း၊ သင်တန်းများ ပို့ချခြင်း၊ စာရင်းကောက်နည်းပညာနှင့် အချက်အလက်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ထားသည့် တိရစ္ဆာန်ကောင်ရေစာရင်းအရ မြန်မာနိုင်ငံတွင် ဒေသနွားကောင်ရေ ကိုးသန်းကျော်ရှိပြီး၊ နို့စားနွား ကောင်ရေ တစ်သိန်းကျော်၊ ကျွဲကောင်ရေ နှစ်သန်းကျော်၊ နွားနောက်ကောင်ရေ သုံးသိန်းကျော်ရှိကြောင်း သိရသည်။ ထို့ပြင် တိရစ္ဆာန်ငယ်များဖြစ်သည့် ဆိတ်ကောင်ရေ ၁ ဒသမ ၇ သန်း၊ ဝက်ကောင်ရေ ၅ ဒသမ ၇ သန်း၊ ဒေသကြက် ၄၄ သန်းကျော်၊ အသားစား ကြက်ကောင်ရေ ၁၆ သန်းကျော်နှင့် ဥစားကြက်ကောင်ရေ ၁၂ သန်းကျော်ရှိကြောင်း သိရသည်။

**နိုင်ငံတော်အဆင့် ငါးနှစ်တစ်ကြိမ် ဆောင်ရွက်**

"တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း လုပ်ငန်းကိုတော့ နိုင်ငံတော်အဆင့်အနေနဲ့ ငါးနှစ်တစ်ကြိမ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်မှာ ကောက်ခဲ့တယ်။ ကြားထဲက လေးနှစ်မှာတော့ နှစ်စဉ်တိရစ္ဆာန်ကောင်ရေ ပြောင်းလဲမှုကို သိရှိနိုင်ဖို့ ကြားဖြတ်တိရစ္ဆာန်ကောင်ရေစာရင်းကို ကောက်ယူခဲ့ပြီး ကောင်ရေစာရင်းတွေကို နှစ်စဉ်ထုတ်ပြန်ပေးလျက်ရှိပါတယ်။ အခု ငါးနှစ်ပြည့် ၂၀၂၃ ခုနှစ်မှာ ဒုတိယအကြိမ်ကောက်ယူတာ ဖြစ်ပြီးတော့ ဒီစာရင်းတွေကိုလည်း ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းမှာ ထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မြို့နယ်တွေမှာ ကွင်းဆင်းစာရင်းကောက်ယူရာ CommCare Application ကို အသုံးပြုပြီး Mobile/Tablet တွေနဲ့ စာရင်းကောက်ယူခြင်း၊ စာရင်းရေးသွင်းခြင်းတွေကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီဇင်ဘာမှာ အပြီးသတ်ကောက်ပြီးတဲ့ စာရင်းတွေ စိစစ်ခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကောင်ရေစာရင်း ခန့်မှန်းတွက်ချက်ခြင်းတွေကို ဗဟိုကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့ကနေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြီးရင် အစီရင်ခံစာ ပြုစုပြီး အတည်ပြု ထုတ်ပြန်သွားမှာဖြစ်ပါတယ်။ ဒါကိုတော့ ၂၀၂၄ ခုနှစ် ပထမခြောက်လတာကာလမှာ ထုတ်ပြန်သွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းပြသည်။



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မှ ကျေးရွာတစ်ရွာ၌ နိုဝင်ဘာလဆန်းပိုင်းက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူနေစဉ်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ငါးနှစ်တစ်ကြိမ် ကောက်ယူပြုစုသွားနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုစာရင်းဇယားများကို အတည်ပြု ထုတ်ပြန်နိုင်ရန်နှင့် တိရစ္ဆာန်ကောင်ရေ တိုးပွားမှုဆိုင်ရာ တွက်ချက်မှု စံနှုန်းများကို သုံးသပ်ပြင်ဆင်နိုင်ရန် ရည်ရွယ်သည်။

"ကျွန်တော်တို့လို မွေးမြူရေးလုပ်ငန်း လုပ်တဲ့သူတွေအတွက် လုပ်ငန်းအပေါ်ကနေ အကျိုးအမြတ်ရဖို့ဆိုတာ ဒီလိုစာရင်းဇယားတွေ သိရမှလည်း စနစ်တကျ လုပ်နိုင်တာပါ။ ဒီလိုတိရစ္ဆာန်ကောင်ရေကောက်ပြီး တိရစ္ဆာန်ရောဂါတွေ မကျရောက်အောင် ကာကွယ်ဆေးလွှမ်းခြုံမှုတွေအစ ဒီအချက်အလက်စာရင်းတွေကို အခြေခံထားဆောင်ရွက်တာမို့ အကျိုးကျေးဇူးက ကျွန်တော်တို့လို မွေးမြူရေးလုပ်ငန်း လုပ်တဲ့သူတွေပဲ ရရှိစေတာပါ။ ဒါကြောင့် ဌာနရဲ့ ကောက်ယူရေး လုပ်ငန်းစဉ်မှာလည်း ပူးပေါင်းပါဝင်ပါတယ်" ဟု တပ်ကုန်းမြို့နယ် ဝက်မွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာ ဇော်ထူးမြင့်က ပြောသည်။

**အကျိုးကျေးဇူးများ ရရှိ**

ဒုတိယအကြိမ် တိရစ္ဆာန်ကောင်ရေစာရင်းကို ကောက်ယူနိုင်ခြင်းမှသည် နှစ်အလိုက် မြန်မာနိုင်ငံရှိ တိရစ္ဆာန်ကောင်ရေစာရင်းကို ခန့်မှန်းအတည်ပြုနိုင်ခြင်း၊ ဒေသအလိုက် စားသုံးမှုခန့်မှန်းတွက်ချက်နိုင်ပြီး ပြည်တွင်း/ပြည်ပ ဈေးကွက်လိုအပ်ချက်နှင့်အညီ မွေးမြူထုတ်လုပ်မှု အစီအမံများ ချမှတ်နိုင်ခြင်း၊ မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်လုပ်ငန်းစီမံကိန်း၊ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည့်အတွက် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးမှု တိုးတက်ရန် ရှေ့သို့ လှမ်းတက်ချီနိုင်ခြင်းပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❖ **နိုင်ငံအတွင်းရှိ မွေးမြူရေးတိရစ္ဆာန်များ၏ ကောင်ရေ အတိုးအလျော့ အပြောင်းအလဲများသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသဖြင့် မွေးမြူရေးတိရစ္ဆာန်များ၏ ကောင်ရေစာရင်းဇယားများကို မြေပြင်အခြေအနေနှင့် အနီးစပ်ဆုံးမှန်ကန်စွာ ရရှိနိုင်ရေးနှင့် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံကိန်းဂဏန်းများ ပြန်လည်တည့်မတ်နိုင်ရေးကို ရည်ရွယ်၍ ၂၀၁၈ ခုနှစ်တွင် ပထမအကြိမ် စာရင်းကောက်ယူခြင်းကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၈၅ မြို့နယ်တွင် စတင်ဆောင်ရွက်ခဲ့သည်**



## MNL 2 Promotion Amateur Club Tournament ဆီမီးဖိုင်နယ်တွင် Rainbow အသင်းနှင့် Rangers အသင်း အနိုင်ရရှိ



**ရန်ကုန် ဒီဇင်ဘာ ၂၆**

MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ရှိ ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပရာ Rainbow အသင်းနှင့် Rangers အသင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်သွားသည်။

နံနက်ပိုင်းက ကျင်းပသည့် ဆီမီးဖိုင်နယ်တွင် Rainbow အသင်းက ရန်ကုန်ဂလက်စီအသင်းကို သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Rainbow အသင်းသည် ရန်ကုန်ဂလက်စီအသင်းကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ လက်ရွေးစင်ဟောင်း ကြည်လင်းဦးဆောင်လာသည့် ရန်ကုန်ဂလက်စီအသင်းသည် နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း ဂိုးများပြန်ပေးရကာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ဂလက်စီအသင်းသည် ၁၂ မိနစ်တွင် ကောင်းခန့်လွင်နှင့် ၃၁ မိနစ်တွင် ဖြိုးကိုကိုတို့ သွင်းယူသည့်ဂိုးများဖြင့် ဦးဆောင်နိုင်သော်လည်း ပထမပိုင်း မှာပင် ချေပဂိုးများပြန်ပေးခဲ့ရသည်။ Rainbow အသင်းအတွက် ချေပဂိုးများကို ၃၄ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဝေယံဦး၊ ၃၆ မိနစ်တွင် ဝင်းဌေးကျော်တို့က သွင်းယူခဲ့ပြီး အနိုင်ဂိုးကိုမူ ၉၀+၂ မိနစ်တွင် ဝေယံစိုးက သွင်းယူခဲ့သည်။ ညနေပိုင်းကျင်းပသည့် ဆီမီးဖိုင်နယ်တွင် Rangers အသင်းက GOA Hmawbi အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် Rangers အသင်းက ၈၅ မိနစ်တွင် ကျော်ထက် သွင်းယူသည့်တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အုပ်စု သုံးပွဲစလုံး ရာနှုန်းပြည့်နိုင်ပွဲရလာသည့် GOA Hmawbi အသင်းသည် ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ရသည်။

ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး Rainbow အသင်းနှင့် Rangers အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

## မော်လမြိုင်ကျွန်းမြို့နယ်၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်း

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မော်ကျွန်း-ကျိုက်လတ်ကားလမ်းတာမှ မစိုးရိမ်-ထနီး-သရက်ချောင်း-သစ်တိုဆိပ်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဒီဇင်ဘာ ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးချုပ်မှ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်မို့မို့သန့်နှင့် တာဝန်ရှိသူများ၊ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့နှင့် ဝန်ထမ်းများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းဖြစ်သည်။

အဆိုပါ မော်ကျွန်း-ကျိုက်လတ်ကားလမ်းတာမှ မစိုးရိမ်-ထနီး-သရက်ချောင်း- သစ်တိုဆိပ်ကျေးရွာသို့ဆက်သွယ်သော ကျောက်ချောလမ်းသည် အရှည်(၀/၃မိုင်) အကျယ် ၁၆ ပေ ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၀၅ ဒသမ ၆ သန်းဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ကာ ကျေးရွာအုပ်စုနှစ်အုပ်စုရှိ အိမ်ခြေ ၁၂၅၀၊ လူဦးရေ ၄၂၀၀ ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်၌ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေးသင်တန်းဆင်း

**ဆီဆိုင် ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုမွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေးသင်တန်းဆင်းပွဲကို ပင်စုံကျေးရွာအုပ်စု ထီတမောင်းကျေးရွာဓမ္မာရုံ၌ ဒီဇင်ဘာ ၂၄ ရက်တွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့်အဖွဲ့ဝင် ဦးခွန်အောင်ကျော်မြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထျာရယ်က သင်တန်းမှ အသိပညာများကို လက်တွေ့ပြန်လည်အသုံးပြုရန် ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ထောက်ပံ့ပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ခိုင်းနွားမွေးမြူရေးနည်းစနစ်များ၊ ကောင်းမွန်သော မိရိုးဖလာ ဝက်မွေးမြူရေးနည်းလမ်းများ၊ ဆာကိုဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်အားနည်းရောဂါအကြောင်းများ၊ အရေပြားအကျိတ်နာရောဂါအကြောင်း သိကောင်းစရာများ၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ၊ ဝက်ဝမ်းကျရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံခြင်းဖြင့် ဝက်ဝမ်းကျရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နည်းများ၊ မျိုးဝက်မများနှင့် အသားတိုးဝက်များတွင် ဝက်ဝမ်းကျရောဂါ ကာကွယ်ဆေးပုံမှန်ထိုးနှံနည်းများနှင့် နွားစာချဉ်ဖတ်ပြုလုပ်နည်း အဆင့်ဆင့်တို့ကို ပင်စုံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၂၀ တို့အား မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒီဇင်ဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပေးပို့ချပေးခဲ့ကြောင်း သိရသည်။ **မျိုးမြတ်(ဆီဆိုင်)**



## ခရစ္စမတ်နေ့တွင် ငွေဆောင်ကမ်းခြေ၌ ခရီးသွားဧည့်သည်များဖြင့်စည်ကား

**ငွေဆောင် ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေသို့ ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသော ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေသည် ပင်လယ်ကမ်းရိုးတန်း ရှည်လျားခြင်း၊ ပင်လယ်ရေ ကြည်လင်ခြင်း၊ သဲသောင်ပြင်သန့်ရှင်းခြင်း၊ ဟိုတယ်များ ဝန်ဆောင်မှု ကောင်းမွန်ခြင်း စသည့်တို့ကြောင့် ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားရာ ကမ်းခြေတစ်ခုဖြစ်ပြီး ခရစ္စမတ်နေ့တွင် ငွေဆောင် မြို့ထဲရှိ အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင် ဈေးဝယ်ယူနေကြသူများ၊ ကမ်းခြေတွင် အပန်းဖြေ၊ ရေကူး၊ လမ်းလျှောက်ကြသူများ၊ အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ချစ်သူ များကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ကျောက်မောင်နှမ၊ ဘုရားသုံးဆူနှင့် မိုးမခဆင်စခန်းများသို့ သွားရောက်လည်ပတ်ကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ကျော်လင်းဦး (ပြန်/ဆက်)**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၁၂ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၀ ကျပ် | ၂၄၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၆၀ ကျပ် | ၂၆၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၆၀ ကျပ် | ၂၇၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၇၀၀ | ၆၂၇ | ၅၄၆၃၆၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၈၅၁ | ၂၄၁၅၃၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၅၀ | ၁၆၀၀ | ၁၀၄၈၉ | ၁၆၇၈၂၅၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၂ | ၄၉၀၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၈၀၃ | ၁၅၇၆၀၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁၂၂ | ၅၇၃၄၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၄၃၅၆ | ၇၄၀၅၂၀၀ |

ညီညီ - စုစည်းသည်

## ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက်အတွင်းရှိ လူနေအိမ်များအား KKO (ခွဲထွက်) အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက်အတွင်းသို့ ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ ရောက်ရှိလာပြီး လူနေအိမ်များအား မီးရှို့ဖျက်ဆီးကာ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာ နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ရောက်ရှိပြီး မီးငြိမ်းသတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာ နံနက် ၈ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ် ၁၆ လုံး မီးလောင် ပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။



ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက် မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက်အတွင်းရှိ နေအိမ်များအား KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြပုံ။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အိုးမဲ့အိမ်မဲ့ဖြစ်အောင် နေအိမ်များကို အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ သပြေနီကျေးရွာအတွင်းသို့ တပ်မတော်မှ ပစ်ခတ်မှုကြောင့် ကလေးငယ် နှစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရဟု မဟုတ်မမှန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အလူးကျေးရွာနှင့် ဒေါက်ရပ် ကျေးရွာအနီးတွင် ဒီဇင်ဘာ ၂၄ ရက်က တပ်မတော်ယာဉ်တန်းအား KNLA နဲ့ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဆွဲ တိုက်ခိုက်ခဲ့ပြီး တပ်မတော်မှ သပြေနီကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ် နှစ်ဦး သေဆုံးပြီး ဒေသခံပြည်သူ လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း Than Lwin Times က သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်များအရ ဒီဇင်ဘာ ၂၄ ရက်တွင် တပ်မတော်ယာဉ်တန်းအား မိုင်းဆွဲတိုက်ခိုက်ခံရခြင်းမရှိခဲ့သလို အလူးကျေးရွာ၊ ဒေါက်ရပ်ကျေးရွာ၊ သပြေနီကျေးရွာများနှင့် အနီးဝန်းကျင်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ တပ်စခန်းချခြင်း၊ လုံခြုံရေးဆောင်ရွက်ခြင်းများ မရှိကြောင်း သိရသည်။

အကြမ်းဖက်အားပေးမီဒီယာများအနေဖြင့် လက်ရှိဖြစ်ပေါ်နေသောအခြေအနေများကို အခွင့်ကောင်းယူ၍ နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ဒေသခံပြည်သူများမှ ကြောက်ရွံ့ထိတ်လန့်လာပြီး တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းအမှားများကို အချိန်ကိုက် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အိမ်မဲမြို့နယ် တကော - ဝါးသမိန်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**အိမ်မဲ ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း) ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနရန်ပုံငွေဖြင့် ဖြူစင်သူကုမ္ပဏီနှင့် ခြူးဝတီကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် တကော-ဝါးသမိန်လမ်းအပိုင်း(၁)နှင့် အပိုင်း(၂) ကျောက်ချောခင်းခြင်းလုပ်ငန်းအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်က ဒီဇင်ဘာ ၂၄ ရက်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်း စစ်ဆေးကြည့်ရှုသည်။

အဆိုပါ ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၅၈၅ အိမ်နှင့်လူဦးရေ ၂၅၂၆ ဦးတို့အား အကျိုးပြုမည်ဖြစ်သည်။

**အိမ်မဲ (ပြန်/ဆက်)**



## ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ASHIN KAWVIDA" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်းကုန်းကျေးရွာနေ အင်းကုန်းသိမ်ကျောင်းထိုင်ဆရာတော် အရှင်ကောဝိဒ (ခ) မိုးကျော်အား ညနေ ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Zawye Htike" Facebook အကောင့်နှင့် "Ei Mon Mon Win" Facebook အကောင့်ပိုင်ရှင်များဖြစ်သော ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မြင်းပြိုင်ကွင်းလမ်းနေသူများဖြစ်သည့် ဇော်ရဲထိုက်နှင့် အိမွန်မွန်ဝင်း တို့နှစ်ဦးအား ယင်းနေ့ည ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၀/တံတားဦးအနောက်)၊ ဦးပိုင်အမှတ်(၈၁/ခ)၊မြေဧရိယာ ၀.၀၆၉ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးကျော်ရင်(ခ)ရာဂျစ်ကူးမား ၉/ မကန(နိုင်) ၀၄၂၁၅၁မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်းမြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာ ရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၂)၊ ဦးပိုင်အမှတ်(၄၆)၊ ၆၃x၆၄လမ်းကြား၊ ၁၀၃x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရန်ရှိလင်၊ ဒေါ်ကြူရင်ရှင်တို့(၂)ဦး အနက် ခင်ပွန်းဖြစ်သူ ဦးရန်ရှိလင် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၃၆၈၉/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ကြူရင်ရှင် ၁၃/လရန(နိုင်) ၀၈၈၉၂ က အမှုတွဲအမှတ် ၆၂၅၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၊ ကသဲ ကျေးရွာအုပ်စု၊ ခြသေ့်ရေရပ်ရှိ ဧရိယာ(၅၀x ၁၅၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ပိုင်ရှင်ဖြစ်သူ ဦးသာယာဘီးရ်(ဘ)ဦးဘီးလ်ဘာဒူး ၉/မကန(နိုင်)၀၂၈၅၉၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နေခြည်လင်း ၉/မကန(နိုင်)၀၈၂၃၉၀ က မြေကွက်အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ အချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်အား ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မြေကွက်နှင့် သက်ဆိုင်သည့်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

| | |
|---|---|
| **ဒေါ်ခင်ချောစုငွေး(LL.B)** | **ဦးလပြည့်နိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၁၈၈)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၂၅၁)** |
| **ဖုန်း-၀၉- ၄၀၂၅၃၁၆၈၃** | **ဖုန်း-၀၉-၄၄၄၀၀၂၆၅၆** |
| **ပန်းမရပ်၊ မိုးကုတ်မြို့** | **ဈ/၃၆၊ မြို့လယ်ရပ်၊ မိုးကုတ်မြို့** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၅)၊ ဦးပိုင်အမှတ်(၁၈)၊ ၆၀.Bx၆၁လမ်းကြား၊ ၁၂၈x၁၂၉ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ကျင်မြိုင် ၉/မရတ(နိုင်) ၀၀၅၆၂၈၏ (SP ရသူ ဦးနိုင်ဝင်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၆၂၅၃/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃)၊ ဦးပိုင်အမှတ်(၂၇)၊ ၆၆x၆၇လမ်းကြား၊ ၁၃၀x၁၃၁ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဦးသန်းငွေ၏ (SP ရသူ ဒေါ်ခင်မာဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၁၂/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မာဝင်း ၉/မနတ(နိုင်) ၀၈၂၆၀၂၊ ဒေါ်ဝင်းမာ ၉/မနတ(နိုင်)၀၈၀၈၇၀တို့ကတောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၆၂၃၉/၂၀၂၃-၂၀၂၄ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၆၂၊ ဦးပိုင်အမှတ်(၁၂-က)/၃၄လမ်း၊ ၈၆xရွှေတချောင်း လမ်းကြားရှိ ဦးထွန်းကြည်၊ ဒေါ်တင်မေ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၄၀၀၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်ခင်နု ၅/မရန(နိုင်) ၀၃၇၃၂၇၊ ဦးခင်မောင်မြင့် ၅/မရန(နိုင်) ၀၁၀၉၅၅၊ ဒေါ်မေမြင့် ၉/မရတ(နိုင်) ၀၂၈၆၇၇တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၀၂၀/၂၀၂၃)ဖြင့် လည်းကောင်း ဒေါ်သန်းသန်းအေး ၅/မရန(နိုင်) ၀၃၂၉၃၄၊ ဦးသန်း လင်း ၉/ပမန(နိုင်) ၀၆၀၈၈၀၊ ဦးစန်းလင်း ၉/မရမ(နိုင်) ၀၂၂၁၉၉တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၀၂၁/၂၀၂၃)ဖြင့်လည်းကောင်း ဒေါ်မိုးဆွေ ၉/မရတ(နိုင်) ၀၅၇၀၂၄၊ ဒေါ်အေးအေးမြင့် ၉/မရမ(နိုင်) ၀၂၂၂၀၁၊ ဦးတင့်လွင် ၉/ မရမ(နိုင်) ၀၈၉၀၉၆တို့၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၀၂၂/၂၀၂၃) ဖြင့်လည်းကောင်း ဒေါ်မို့မို့ ၉/မရမ(နိုင်) ၀၂၂၁၉၇၊ ဒေါ်စိုးစိုး ၉/မရမ(နိုင်) ၀၂၂၁၉၆၊ ဒေါ်သန့် သန့်ထွေး ၉/မရမ(နိုင်) ၀၀၄၁၇၃တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၀၂၃/၂၀၂၃)ဖြင့်လည်းကောင်းလွှဲအပ်ခြင်းခံရသည့် ဦးသက်ဘုန်းသွင် ၉/ပကခ(နိုင်) ၀၄၂၄၀၄က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

